ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ (28-4-2011)(၆၇၄၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr. Li Chang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr. Li Chang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် မူဆယ်-လားရှိုး-ကျောက်ဖြူ ရထားလမ်း တည်ဆောက်ရေး စီမံကိန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ စီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးနှင့် ရထားလမ်း ဖြတ်သန်းရာ နယ်မြေတစ်လျှောက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr. Li Chang Jin အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မူဆယ် - ကျောက်ဖြူ ရထားလမ်းပို့ဆောင်ရေးစနစ် စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်စဉ်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

မူဆယ်-ကျောက်ဖြူ ရထားလမ်းပို့ဆောင်ရေးစနစ် စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation တို့အကြား မူဆယ်-ကျောက်ဖြူ ရထားလမ်းပို့ဆောင်ရေးစနစ် စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ
The Mirror

၂၈-၄-၂၀၁၁
(ကြာသပတေးနေ့)

ရေသယံဇာတများ ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံအတွင်း သဘာဝသယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝသည်။ ကမ်းရိုးတန်းရှည်လျားပြီး ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း သဘာဝမြစ်ချောင်းကြီးများ၏ ထူးခြားသောရေသယံဇာတများစွာကိုလည်း ပိုင်ဆိုင်သည်။ ပင်လယ်မျိုးစိတ်ပေါင်းခြောက်ရာကျော်၊ ပုစွန်၊ ကဏန်း၊ ခုံး၊ ခရုစသည့် ရေထွက်သယံဇာတမျိုးစိတ်ပေါင်း ငါးရာကျော် ဖြစ်တည်နေသည်။

ယနေ့ကမ္ဘာတွင် လူဦးရေတိုးတက်လာလျက်ရှိသည်။ နိုင်ငံတိုင်းက စားနပ်ရိက္ခာသားငါးများ လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းနေကြရပြီ။ ပင်လယ်ငါးဖမ်းလုပ်ငန်းများကိုသာမက ရေချို၊ ရေငန် ငါးမွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လာနေကြပြီဖြစ်သည်။

အာရှဒေသတွင် အများအားဖြင့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွစသည့် အသီးအရွက်စားငါးများ၊ ကျောက်ငါး၊ ကကတစ်၊ ငါးတန်၊ ငါးခူစသည့် အသားစားငါးများနှင့် တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးခုံးမစသည့် အစုံစားငါးမျိုးများ၊ ရေချို၊ ရေငန်ပုစွန်၊ ကဏန်းများကို မွေးမြူထုတ်လုပ်နေကြပြီ။ နိုင်ငံအသီးသီးက ငါးနှင့် ရေထွက်ပစ္စည်းများကို ပြုပြင်မွမ်းမံ၍ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ ဝင်ငွေရှာနေကြပေပြီ။

မြန်မာနိုင်ငံတွင် ကုန်းတွင်းပိုင်းငါးဖမ်းလုပ်ငန်း၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်နေသည်။ သဘာဝမြစ်များ၊ ချောင်းငယ်များ၊ ရေကန်ကြီးများ၊ အင်းအိုင်များတွင် ကုန်းတွင်းငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြပြီး ရေငန်ငါးဖမ်းလုပ်ငန်းကို ရခိုင်၊ တနင်္သာရီ၊ မွန်၊ ဧရာဝတီကမ်းရိုးတန်းများရှိ ငါးဖမ်းကွက်များတွင် လုပ်ကိုင်လျက်ရှိသည်။ ငါး၊ ပုစွန်မွေးမြူရေးကန်များ တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံသည်များကို ပြည်ပသို့တင်ပို့နေကြပေပြီ။

တစ်ဖက်မှလည်း ဈေးကွက်ဝယ်လိုအားရှိမှုကြောင့် ငါးဖမ်းဆီးမှု ပိုမိုများပြားလာသည်။ တိုးတက်လာသည့် ခေတ်မီငါးဖမ်းနည်းများ၊ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်သည့် အညစ်အကြေးများကြောင့် ပင်လယ်ပြင် ဂေဟစနစ် ထိန်းကျောင်းပေးနေသည့် ပင်လယ်လိပ်၊ ငါးမန်းစသည့်ရေသတ္တဝါများ ရှားပါးမျိုး ပြုန်းတီးမှုမဖြစ်စေရေး ထိန်းသိမ်းကြရမည်ဖြစ်သည်။ သဘာဝရေပြင်များ၊ မြစ်ချောင်းများ၊ ဆည်ကြီးများတွင် ငါးမျိုးများ စိုက်ထည့်ပေးခြင်း၊ ငါးပုစွန်ဖမ်းဆီးရမည့်အချိန် သတ်မှတ်ပေးခြင်း၊ ရေသယံဇာတမျိုးပြုန်းနိုင်သည့် ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာများ အသုံးမပြုရေးဥပဒေများထုတ်ပြန်ခြင်း၊ တားမြစ်အရွယ်အစားငါးများ ရောင်းဝယ်မှုမပြုရေး တားမြစ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်၍ သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာန၊ ရေလုပ်သားများ၊ ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းတင်ပို့သူများ အားလုံးတို့က သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာထိန်းသိမ်း ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ရေသယံဇာတများမှ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှု ပိုမိုရရှိလာနိုင်မည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးစိုးညွန့်-ဒေါ်ခင်ကြည် (ကြည်ပြန်းမိသားစု)က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ သံဃာကုဋီတစ်လုံးနှင့် သံဃာနှစ်ပါးစာ၊ ခုတင်၊ မွေ့ရာ၊ ဗီရိုနှစ်စုံအတွက် အလှူငွေကျပ်သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု မြှင့်တင်ဆောင်ရွက်ရေးသင်တန်းဖွင့်

နေပြည်တော် ဧပြီ ၂၇

ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့ ပူးပေါင်း၍ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု မြှင့်တင်ဆောင်ရွက်ရေး စီမံချက်အဆင့်(၂) (SCCA-2) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီတွင် မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ မေ ၆ ရက်အထိ ၁၁ ရက် ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono သည် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် လုပ်ငန်းဆိုင်ရာများ မှာကြား

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များနှင့် ဥပဒေအရာရှိများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင် နေပြည်တော်ရှိ ပြည်ထောင်စု ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး နှင့် ပြည်နယ်ဥပဒေချုပ်များနှင့် ဥပဒေအရာရှိများအား တွေ့ဆုံ မှာကြားစဉ်။

(သတင်းစဉ်)

ပိဋကတ်တော်လာ ပုဂံခေတ်နံရံဆေးရေးပန်းချီနှင့် ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင်ရှေးဟောင်းဓာတ်ပုံများ (ပထမတွဲ) ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဧပြီ ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအား ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်းစောင့်ရှောက်၍ စာအုပ်၊ စာတမ်း၊ စာစောင်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခုပိဋကတ်တော်လာ ပုဂံခေတ် နံရံဆေးရေးပန်းချီနှင့် ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ (ပထမတွဲ)တို့ကို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ပုဂံခေတ် နံရံဆေးရေးပန်းချီများ အနက် ဇာတ်နိပါတ်သရုပ်ဖော်ပန်းချီများသည် မြတ်စွာဘုရားဟောကြားခဲ့သည့် ပိဋကတ်သုံးပုံအား အခြေပြုရေးဆွဲထားကြောင်း၊ ဗုဒ္ဓစာပေများနှင့် အလှမ်းဝေးသော သာမန်ပြည်သူလူထုအနေဖြင့် ဗုဒ္ဓဖြစ်တော်စဉ်နှင့် တရားတော်များကို အလွယ်တကူ သိရှိနားလည်စေရန် သရုပ်ဖော်ပုံများ ရေးဆွဲထားခြင်းဖြစ်ကြောင်း ဓာတ်ပုံ၊ ပုံဆွဲများဖြင့် ဖော်ပြထားသည်။ ယင်းအပြင် ပုဂံဒေသ၌ နံရံဆေးရေးပန်းချီရှိ ဂူဘုရားများစာရင်းနှင့် ထူးခြား၍ ရှားပါးလှသည့် နံရံဆေးရေး ပန်းချီများအကြောင်းကိုလည်း လေ့လာဖော်ပြထားသည်။

ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ (ပထမတွဲ) စာအုပ်သည် ရှေးဟောင်းသုတေသနဌာနက ၁၉၀၁ ခုနှစ်မှ ၁၉၀၆ ခုနှစ်အတွင်း ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများအား ရိုက်ကူးမှတ်တမ်းတင်ထားသော ဓာတ်ပုံများကို ရိုက်နှိပ်ဖော်ပြထားခြင်း ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀) ကျော် စောင့်ရှောက်မှုကင်းမဲ့နေသည့် အချိန်အခါက မှတ်တမ်းပုံများနှင့် ယခုစောင့်ရှောက်ထိန်းသိမ်းထားသည့် အခြေအနေမှာ များစွာကွာခြားသွားကြောင်း တွေ့မြင်နိုင်သည်။ အချို့မှာ အကောင်း၊ အချို့မှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေပုံ၊ အချို့မှာ ပျက်စီး ပြိုကျတော့မည့်အခြေအနေ၊ အချို့မှာ ရပ်ရွာဒေသက စောင့်ရှောက်ထားမှု အခြေအနေ စသည်ဖြင့် အမြင်အမျိုးမျိုးကို ခံစားရမည် ဖြစ်သည်။

ဤစာအုပ်များကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်၊ မန္တလေး၊ ပုဂံ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ပြတိုက်နှင့် စာကြည့်တိုက်များ၌ လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ်(၃၅) ဖုန်း-၀၆၇-၄၀၈၀၄၀သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပ အမက(၁၈) အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၇

မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အမက(၁၈)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများနှင့် ၁၉၅၉ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအား (၁၅) ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း-၀၉-၇၃၀၇၀၇၉၁၊ ၀၁-၇၀၇၄၂၀၊ ၀၉-၇၃၀၁၀၃၈၂၊ ၀၉-၅၁၉၉၅၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr. Li Chang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ရွှေဖုံး)

(သတင်းစဉ်)

☆ **ရွှေဖုံးမှ**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Li Junhua၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr. Li Chang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr. Li Chang Jin က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရှေ့မှောက်၌ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ကိုယ်စား Chairman of China Railway International Mr. Zhao Deyi တို့က မူဆယ်-ကျောက်ဖြူ ရထားလမ်း ပို့ဆောင်ရေးစနစ် စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် China Railway Engineering Corporation ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မူဆယ်-ကျောက်ဖြူ ရထားလမ်းပို့ဆောင်ရေးစနစ် စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် မူဆယ်-လားရှိုး ရထားလမ်းပိုင်းတွင် ရထားလမ်းအရှည် ၇၈ ဒသမ ၉၂ မိုင်၊ တံတားကြီး/ငယ် ၄၁ စင်း၊ ဥမင်လိုဏ်ခေါင်းစုစုပေါင်းအရှည် ၃၇ ဒသမ ၃၇ မိုင်ရှိမည့် ဥမင်လိုဏ် ၃၆ ခုနှင့် ဘူတာ ခုနစ်ဘူတာတို့ကို တည်ဆောက်မည်ဖြစ်ပြီး ခန့်မှန်းတည်ဆောက်ချိန်ကာလမှာ သုံးနှစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရန် အစီအမံများနှင့် စိမ်းလန်းစိုပြည်ရေးအစီအစဉ်များကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ China Railway Engineering Corporation ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

မူဆယ်-ကျောက်ဖြူ ရထားလမ်းပို့ဆောင်ရေးစနစ် စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သ မ္မတ နိုင် ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr.Li Chang Jin ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

နှင်းဆီမြိုင်ဂေဟာ မကြာမီဖွင့်မည်

ရန်ကုန် မေ ၂၇

နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး၏ ဖခင်ကြီး သတိုးသီရိသုဓမ္မ မြန်မာ့အလင်း ဦးတင်အား ဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ထားသော နှင်းဆီမြိုင်ဂေဟာကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ဝင်းအတွင်း၌ မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါ နှင်းဆီမြိုင်ဂေဟာကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးအား အဘက်ဘက်မှ အကျိုးပြုဆောင်ရွက်ပေးခဲ့ကြသော အသက်(၇၀)ကျော် စောင့်ရှောက်ရေး အဖွဲ့ဝင်များအား ပြန်လည်ပြုစု စောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ပြီး သံကူကွန်ကရစ် လေးထပ်အဆောက်အအုံဖြစ်သည်။

လက်ရှိတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ အဘိုး ၆၁ ဦးနှင့် အဘွား ၁၃၅ ဦး စုစုပေါင်း ၁၉၆ ဦးအား လက်ခံစောင့်ရှောက်လျက်ရှိပြီး မကြာမီ အဘိုး ၁၀၀ နှင့် အဘွား ၁၄၀ အထိ တိုးမြှင့်လက်ခံစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အထက(ခွဲ)ပျဉ်းမကန် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၇။ ။ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထက(ခွဲ) ပျဉ်းမကန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲကို မေ ၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှိုးဆော်ထားပြီး အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးသိန်းကျော် ဖုန်း-၀၉-၄၉၃၃၉၆၇၅၊ ဒေါ်ခင်ဝင်းညို ဖုန်း-၀၉-၄၉၂၃၁၃၀၅နှင့် ဒေါ်မြမြစန်း ဖုန်း-၀၉-၇၃၁၂၉၆၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် မလေးရှားသို့ဆိုက်ရောက်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမည်

ကွာလာလမ်ပူ ဧပြီ ၂၇

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်သို့ ဧပြီ ၂၇ရက် မွန်းလွဲပိုင်းတွင် ဆိုက်ရောက်လာသည်။ ၎င်းသည် မလေးရှားနိုင်ငံ၌ နှစ်ရက်ကြာနေထိုင်စဉ်အတွင်း နှစ်နိုင်ငံ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ အထက်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

တရုတ်ဝန်ကြီးချုပ်ဝမ်သည် မလေးရှားဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးသည့် အခမ်းအနားများသို့လည်း တက်ရောက်မည်ဖြစ်သည်။

အထောက်အကူပြု

ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြသော တရုတ်နှင့် မလေးရှားနိုင်ငံတို့သည် နှစ်နိုင်ငံ အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်ခြင်းဖြင့် ဒေသဆိုင်ရာ တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ကွာလာလမ်ပူလေဆိပ်၌ တရုတ်ဝန်ကြီးချုပ်က ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံ၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တွင် တရုတ်နိုင်ငံ၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည်။

အင်တာနက်။

ဧပြီ ၂၇ရက်က မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူသို့ ဆိုက်ရောက်လာသော တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘော့စ်ဖိုးရပ်ရေလက်ကြား ရေယာဉ်သွားလာမှု ပိုမိုရှုပ်ထွေးလာမိုင် ၃၀ အထိ ရှည်လျားမည့် တူးမြောင်းဖောက်လုပ်ရန် တူရကီစီမံ

အစ္စတန်ဘူလ် ဧပြီ ၂၇

ဘော့စ်ဖိုးရပ်စ်ရေလက်ကြား၌ ရေကြောင်းသွားလာမှုများ ထူထပ်များပြားလာသဖြင့် အဆိုပါ အခက်အခဲကို ကျော်လွှားနိုင်ရန် ပင်လယ်နက်နှင့် မာမရာပင်လယ်တို့ကို ဆက်သွယ်မည့် ရေလမ်းကြောင်းတစ်ခုကို တူရကီနိုင်ငံက တည်ဆောက်ရန် စီစဉ်နေကြောင်း ဗုဒ္ဓဟူးနေ့ သတင်းများတွင် ဖော်ပြသည်။

ပနားမား တူးမြောင်း၊ စူးအက်တူးမြောင်းတို့နှင့် အပြိုင်ကြီးကျယ်ခမ်းနားမည့် အစ္စတန်ဘူလ် တူးမြောင်းစီမံကိန်းကို ဖော်ဆောင်မည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် ရီဆက်ပ်တေယစ် အာဒိုဂန်က ပြောကြားခဲ့သည်။

အစ္စတန်ဘူလ်မြို့တော်၏ ဥရောပဘက်ခြမ်း၌ ဖောက်လုပ်မည့် ရေလမ်းကြောင်းသည် ကီလိုမီတာ ၄၀ မှ ၅၀ အထိ ရှည်လျားမည်ဖြစ်ပြီး မီတာ ၁၅၀ မျှ ကျယ်ဝန်းမည်ဖြစ်ကာ အနက် ၂၅ မီတာအထိ ရှိမည်ဖြစ်သည်။

လူဦးရေ ၁၂ သန်းမျှ နေထိုင်သော အစ္စတန်ဘူလ်မြို့တော်ကို နှစ်ပိုင်းခြားထားသည့် ဘော့စ်ဖိုးရပ်ရေလက်ကြားသည် ကမ္ဘာပေါ်၌ စတုတ္ထမြောက် ရေကြောင်းသွားလာမှုအများဆုံး ရေလမ်းကြောင်းတစ်ခုဖြစ်ပြီး ပင်လယ်နက်နှင့် မြေထဲပင်လယ်ကို ဆက်စပ်ပေးထားသည်။

ဘော့စ်ဖိုးရပ်စ် ရေလက်ကြားအတွင်း ဖြတ်သန်းသွားလာသော ရေနံတင်သင်္ဘောများ၏ အရွယ်အစားပိုမိုကြီးမားလာသည်နှင့်အမျှ ရေကြောင်းများ ပိုမိုရှုပ်ထွေးလာနိုင်ပြီး မတော်တဆဖြစ်ရပ်များ ဖြစ်ပေါ်လာနိုင်ကြောင်း တူရကီနိုင်ငံက ရှေးဦးမဆွကပင် သတိပေးခဲ့သည်။

တူရကီနိုင်ငံသည် ရေနံသယ်ယူပို့ဆောင်မှု လုပ်ဆောင်ရာတွင် ကုန်းတွင်းပိုင်းပိုက်လိုင်းများကို ပိုမိုအားထားသော နိုင်ငံဖြစ်သည်။ **အေအက်ဖ်ပီ။**

ကဘူးလေဆိပ်၌ အာဖဂန်စစ်လေယာဉ်မှူးတစ်ဦးက ပစ်ခတ် နေတိုးတပ်ဖွဲ့ဝင် ရှစ်ဦးနှင့် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး သေဆုံး

ကဘူး ဧပြီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ လေဆိပ်၌ ဧပြီ ၂၇ရက်က အငြင်းပွားမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် အာဖဂန်စစ်ဘက်ဆိုင်ရာ လေယာဉ်မှူးတစ်ဦးက နိုင်ငံခြားတပ်ဖွဲ့ဝင်များကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ နေတိုးတပ်ဖွဲ့ဝင်ရှစ်ဦးနှင့် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး သေဆုံးကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက နိုင်ငံတကာတပ်ဖွဲ့ဝင်များအား ရန်မူတိုက်ခိုက်သည့်ဖြစ်ရပ်များအနက် ယခုဖြစ်ရပ်သည် သေဆုံးမှုအများဆုံးဖြစ်ရပ်ဖြစ်သည်။

သေဆုံးသော နိုင်ငံခြားတပ်ဖွဲ့ဝင်များ မည်သည့်နိုင်ငံသားများဖြစ်သည်ကို နေတိုးတပ်ဖွဲ့က ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

ယင်းဖြစ်ရပ်တွင် အာဖဂန်တပ်ဖွဲ့ဝင် ငါးဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

အာဖဂန်လေတပ်က အသုံးပြုနေသော အဆောက်အအုံတစ်လုံးအတွင်း ယင်းပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ အာဖဂန်တပ်ဖွဲ့ဝင်မှာလည်း သေဆုံးခဲ့ရသည်။

ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၂၅မိနစ်တွင် ကဘူးလေဆိပ်၌ လက်နက်ငယ်ဖြင့်ပစ်ခတ်မှု ဖြစ်ပွားသည်ဟု သတင်းရရှိကြောင်း နေတိုးလေ့ကျင့်ရေးအစီအစဉ် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဒေးဗစ်ဆိုင်မွန်က ပြောကြားသည်။

သေနတ်ပစ်ခတ်သူမှာ စစ်ဘက်ဆိုင်ရာ လေယာဉ်မှူးအဖြစ် လုပ်သက် အနှစ် ၂၀ရှိသူဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

ဧပြီ ၂၇ရက်က ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ကဘူးလေဆိပ်အနီးရှိ စစ်ဆေးရေးဂိတ်၌ အာဖဂန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ခရီးသည်များအား ဆွဲဆောင်နိုင်ရန် ဟောင်ကောင်နှင့်အပြိုင် ဟိုင်နန်ကျွန်းကြိုးပမ်း

ပေကျင်း ဧပြီ ၂၇

အာရှတစ်ဝန်းရှိ ခရီးသွားကုမ္ပဏီများက တရုတ်နိုင်ငံ၏ မေလ အားလပ်ရက်ဖြစ်သော "ရွှေရက်သတ္တပတ်"တွင် ငွေကြေးအကျိုးအမြတ်ကြီးမားသော ခရီးသွားလုပ်ငန်းဈေးကွက်၌ ခရီးသည်များကို ဆွဲဆောင်နိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြသည်။

"ရွှေရက်သတ္တပတ်"ခေါ် အလုပ်သမားနေ့ အားလပ်ရက်ကာလအဖြစ် မေ ၁ရက်မှ ၃ရက်အထိ သတ်မှတ်ထားပြီး ယင်းကာလ၌ တရုတ်လူမျိုး သန်း ၁၅၀ကျော် အပန်းဖြေခရီးထွက်ခွာကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားခရီးသွားလာရေး အုပ်ချုပ်မှုအဖွဲ့က ပြောကြားသည်။

မေလအားလပ်ရက်များအတွင်း တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်နန်ကျွန်းသို့ ခရီးသည်များ လာရောက်ရန် ဟောင်ကောင်ကျွန်းနှင့် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။ မေလအားလပ်ရက်ကာလ၏ ပထမနှစ်ရက်အတွင်း အကောက်ခွန်မဲ့ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။ ဈေးဆိုင်ပေါင်း ၁၅၀၀၀၀ အထိ အကောက်ခွန်မဲ့ အရောင်းဆိုင်များအဖြစ် ဖွင့်လှစ်ရောင်းချမည်ဟုဆိုသည်။

တရုတ်ပြည်မကြီးရှိ အာဏာပိုင်များက အကောက်ခွန်မဲ့ဆိုင်များဖွင့်လှစ်ရန် ခွင့်ပြုပေးခြင်းသည် ဟောင်ကောင် ခရီးသွားလုပ်ငန်းကုမ္ပဏီများအား အံ့အားသင့်စရာဖြစ်စေသည်။ ဟောင်ကောင်သည် အစဉ်အလာအရ တရုတ်ပြည်မကြီးရှိ တရုတ်ခရီးသည်များ အလည်အပတ်လာရောက်သည့်မြို့ ဖြစ်ခဲ့သည်။

လွန်ခဲ့သောနှစ်က တရုတ်လူမျိုး ၂၂ဒသမ ၇သန်းခန့်က ဟောင်ကောင်တွင် သုံးစွဲခဲ့သည့် ငွေကြေးပမာဏအနက် ၇၆ ရာခိုင်နှုန်းမှာ ဈေးဝယ်ရန် သုံးစွဲခြင်းဖြစ်သည်။ ၂၀၁၀ခုနှစ်က ဟောင်ကောင်တွင် တရုတ်လူမျိုးများက ဈေးဝယ်ရန် ဟောင်ကောင်ဒေါ်လာ ၁၀၉ဒသမ ၅၉ဘီလီယံ သုံးစွဲခဲ့သည်။

အမ်အင်အေးဆင်ဟွာ။



ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်သူလျှိုတစ်ဦးပိုင် လက်ဝတ်ရတနာပစ္စည်းများ လေလံတင်မည်

ဂျီနီယာ ဧပြီ ၂၇

ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်သူလျှိုတစ်ဦး ပိုင်ဆိုင်ခဲ့သော လက်ဝတ်ရတနာများကို ဆော့သ်ဘီလေလံအဖွဲ့အစည်းမှ လေလံတင်ရောင်းချမည်ဖြစ်သည်ဟုဆိုသည်။ အဆိုပါ အမေရိကန်သူလျှိုသည် ကမ္ဘာ့ခေါင်းဆောင်များ၊ ဟောလိဝုဒ်နာမည်ကျော်များနှင့် ရင်းနှီးကျွမ်းဝင်သူ စပိန်အထက်တန်းလွှာမှ အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့သူဖြစ်သည်။

၎င်းတို့အနေဖြင့် စိန်၊ ပတ္တမြားနှင့် မြရတနာများဖြင့် ပြုလုပ်ထားသော လည်ဆွဲ၊ ရင်ထိုးနှင့် နားကပ်များကို စုဆောင်းရရှိထားပြီး ယင်းရတနာများ၏ပိုင်ရှင်မှာ နယူးယောက်မြို့မှ မေရီအေလိန်းဂရပ်ဖစ်ဆိုသူဖြစ်သည်ဟု လေလံအဖွဲ့ကဆိုသည်။

ဂရပ်ဖစ်သည် စပိန်အထက်တန်းလွှာ သူကောင်းမျိုးဝင်နှင့် လက်မထပ်မီကာလက အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(CPA)အဖြစ် အသွင်ပြောင်းလဲခဲ့သော အမေရိကန်ထောက်လှမ်းရေးအဖွဲ့(OSS)တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ နောက်ပိုင်းတွင် သူကောင်းမျိုး အယ်လီနာဒီရိုမန်နော့စ်အဖြစ်ခံယူခဲ့သည်။

ဆော့သ်ဘီလေလံအဖွဲ့အစည်းက ပြောကြားရာတွင် ယင်းရတနာများနှင့်အတူ ဝင်ဆာမြို့စားကတော် ဝဲလ်လစ်ဆင်ပဆင် ပိုင်ဆိုင်သော အမေရိကန်ဒေါ်လာ ၁၀ သန်းတန် မြသရဖူနှင့် ဒေါ်လာ ၁၆ သန်းတန် ၁၁ ကာရက်ရှိ ပန်းရောင်စိန်ပွင့်တစ်ပွင့်တို့အား မေ ၁၇ ရက်တွင် ဂျီနီဗာမြို့၌ လေလံတင်ရောင်းချမည်ဟုဆိုသည်။ **အင်တာနက်။**

နီပေါ နိုင်ငံတွင် ကြံ့ကောင်ရေ တိုးပွားလာ

ချစ်ဝမ် ဧပြီ ၂၇

နီပေါနိုင်ငံတွင် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များသည် ရက်သတ္တသုံးပတ်ကြာ စစ်တမ်းကောက်ယူခဲ့ရာ ကြံ့ကောင်ရေ တိုးပွားလာကြောင်း လေ့လာတွေ့ရှိရသည်။

အမျိုးသားသစ်တောဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ရန်ပုံငွေအဖွဲ့နှင့် နိုင်ငံတော်သဘာဝ ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍စစ်တမ်းကောက်ယူခဲ့ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့က ဧပြီ ၂၅ရက်တွင် သတင်းကြေညာချက် ထုတ်ပြန်သည်။

နီပေါနိုင်ငံတွင် ကြံ့ကောင်ရေ ၅၃၄ကောင်ရှိကြောင်း၊ ၂၀၀၈ခုနှစ်က ၄၃၅ကောင်သာရှိခဲ့ရာ ၉၉ကောင် တိုးလာကြောင်း စစ်တမ်းအရ သိရသည်။

ချစ်ဝမ်အမျိုးသားသစ်တောဥယျာဉ်တွင် ကြံ့ ၅၀၃ကောင်၊ ဘာဒီယာအမျိုးသားသစ်တောဥယျာဉ်တွင် ၂၄ကောင်နှင့် ရှုကလက်ဟန်တာတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ခုနစ်ကောင် နေထိုင်ကျက်စားသည်။

နီပေါနိုင်ငံတွင် ကြံ့ကောင်ရေ တိုးပွားလာစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ယင်းသတ္တဝါများ၏ ကျက်စားနေထိုင်ရာ နေရာများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။

နီပေါနိုင်ငံတွင် ကြံ့ကောင်ရေ တိုးပွားလာခြင်းသည် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း၏ အောင်မြင်မှုပြယုဂ်ဖြစ်ကြောင်း အမျိုးသားသစ်တောဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ခရစ်ရှ်နာပရာဆက်ဒ်ဘာချာရာက ပြောကြားသည်။

အမ်အင်အေးဆင်ဟွာ။

အခြားကမ္ဘာမှသက်ရှိများ စောင့်ကြည့်ရှာဖွေရေးအာကာသစခန်း ရန်ပုံငွေချို့တဲ့မှုကြောင့် ပိတ်သိမ်း

မောင်းတိန်းဗျူး ဧပြီ ၂၇

အကယ်၍ အခြားဂြိုဟ်များမှ သက်ရှိအဖွဲ့အစည်းများက ယခုအခါ မိမိတို့နှင့် ဆက်သွယ်ရန်ကြိုးပမ်းလာပါက ၎င်းတို့၏ ခေါ်သံကို ကမ္ဘာကြီးအနေဖြင့် သိကြားနိုင်တော့မည် မဟုတ်ပေ။ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် အခြေစိုက် အကျိုးအမြတ်မယူသော သုတေသနအဖွဲ့အစည်း တစ်ရပ်ဖြစ်သည့် ကမ္ဘာ့လေထုလွှာစောင့်ကြည့်ရေးသိပ္ပံ (အက်စ်အီးတီအိုင်)သည် ၎င်းစီမံခန့်ခွဲသော အခြားကမ္ဘာမှ သက်ရှိများ ရှာဖွေရေးစခန်းကို ဘဏ္ဍာရေးအခက်အခဲကြောင့် ဧပြီ ၁၅ ရက်တွင် ပိတ်သိမ်းခဲ့ရပြီဖြစ်သည်။

အက်စ်အီးတီအိုင်က ပိတ်သိမ်းခဲ့ရသော အလန်းအာကာသလေ့လာရေးစခန်းသည် ကာလီဖိုးနီးယားပြည်နယ်မြောက်ပိုင်း၌ တည်ရှိပြီး ရေဒီယိုတယ်လီစကုပ် ၄၂ ခုတပ်ဆင်ထားသည်။ အဆိုပါ ရေဒီယိုတယ်လီစကုပ်များသည် ဂြိုဟ်သားတို့၏ ရေဒီယိုအချက်ပြထုတ်လွှင့်မှုများကို ဖမ်းယူနိုင်ရန် နေ့ညမပြတ် ကောင်းကင်ယံကို စူးစမ်းထောက်လှမ်းခဲ့ကြသည်။

ရန်ပုံငွေပြတ်လပ်မှုကြောင့် ဂြိုဟ်သားထောက်လှမ်းရှာဖွေရေး စီမံကိန်းကို ရပ်သိမ်းခဲ့ရသည့် အလန်းအာကာသလေ့လာရေးစခန်းမှ ပစ္စည်းကိရိယာများကို လုံလုံခြုံခြုံထိန်းသိမ်းထားတော့မည်ဖြစ်ကြောင်း ကမ္ဘာ့လေထုလွှာ စောင့်ကြည့်ရေးသိပ္ပံတာဝန်ရှိသူတစ်ဦးက ဆိုသည်။

သို့ရာတွင် အလန်းအာကာသလေ့လာရေးစခန်းအား ကမ္ဘာပတ်လမ်းကြောင်းများအတွင်းမှ အာကာသအမှိုက်ထောင်ပေါင်းများစွာတို့ကို ခြေရာခံထောက်လှမ်းမည့်လုပ်ငန်း၌ အသုံးပြုရန် အမေရိကန်လေတပ်မတော်က စိတ်ဝင်စားလျက်ရှိကြောင်း အက်စ်အီးတီအိုင်က ပြောကြားခဲ့သည်။

အမေရိကန်လေတပ်၏ အစီအစဉ် မဖြစ်မြောက်ခဲ့ပါကလည်း အကြောင်းမဟုတ်ကြောင်း၊ အခြားကမ္ဘာမှသက်ရှိများက ထုတ်လွှင့်သည့် သင်္ကေတများအား ဖမ်းယူရန် ကောင်းကင်ပြင်ကို ထောက်လှမ်းမှုသည် ပစ္စည်းကိရိယာများ အဆင်သင့်ရှိနေခြင်းကြောင့် ထင်သလောက် ငွေကုန်ကြေးကျများမည် မဟုတ်ကြောင်း အလန်းအာကာသလေ့လာရေးစခန်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အလန်းအာကာသလေ့လာရေးစခန်း လုပ်ငန်းလည်ပတ်စေရန်အတွက် နှစ်စဉ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ သန်း သုံးစွဲခဲ့ရသည်။ **အင်တာနက်။**

ကာလီဖိုးနီးယားပြည်နယ် အခြေစိုက် အလန်းအာကာသလေ့လာရေးစခန်း။

ဆိုင်နေဗားတိုက်ချင်းပစ်ဒုံးကျည် ရုရှားရေတပ် စမ်းသပ်ပစ်ခတ်

မော်စကို ဧပြီ ၂၇

ရုရှားရေတပ်မတော် မြောက်ပိုင်းရေယာဉ်စု မဟာဗျူဟာ နျူကလီးယားအင်သုံးရေငုပ်သင်္ဘောတစ်စင်း၏ ဆိုင်နေဗား(SINEVA) အမျိုးအစားတိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုမှာ**(အောက်ပုံ)** အပြည့်အဝ အောင်မြင်မှုရခဲ့ကြောင်း အင်တာဖက်(စ်)သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါပစ်ခတ်စမ်းသပ်မှုကို ဧပြီ ၂၆ ရက်က ဘာရင်းပင်လယ်ပြင်အောက်တစ်နေရာရှိ နျူကလီးယားအင်သုံးရေငုပ်သင်္ဘော (Ye Ka terinburg)မှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆိုင်နေဗား (RSM.54) အမျိုးအစားဒုံးကျည်သည် တတိယမျိုးဆက် လောင်စာအရည်သုံး တိုက်ချင်းပစ်ဒုံးကျည်ဖြစ်ပြီး ၂၀၀၇ ခုနှစ် ဇူလိုင်လမှစတင်၍ ရုရှားရေတပ်တွင် ဖြန့်ကြက်တပ်ဆင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ယင်းဒုံးကျည်၌ နျူကလီးယားထိပ်ဖူးလေးခုမှ ၁၀ ခု အထိ သယ်ဆောင် ပစ်ခတ်နိုင်ရန် အဆင့်မြှင့်တင်ထားပြီးဖြစ်သည်။

ဆိုင်နေဗားဒုံးကျည်သည် အလျား ၁၅ မီတာ၊ လုံးပတ် ၁ ဒသမ ၉ မီတာရှိပြီး ရေအောက်မီတာ ၅၀ အနက်၌ရှိသော ရေငုပ်သင်္ဘောမှပစ်လွှတ်နိုင်သည်။

အင်တာနက်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု။

ရာသီဥတုပြောင်းလဲမှု အမေရိကန်အနောက်ပိုင်း ရေသယံဇာတဖြည့်ဆည်းမှုကို ထိခိုက်နိုင်

ဆက်ကရာမင်တို ဧပြီ ၂၇

ရာသီဥတုပြောင်းလဲမှုကြောင့် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်း၌ ရေသယံဇာတဖြည့်ဆည်းနိုင်မှုသည် တဖြည်းဖြည်း လျော့ပါးလာဖွယ်ရှိကြောင်း ဧပြီ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေသယံဇာတ ဖြည့်ဆည်းပေးနိုင်မှု အားနည်းလာပါက အနောက်ပိုင်းဒေသများ၌ နေထိုင်သူ အမေရိကန်နိုင်ငံသားသန်းပေါင်းများစွာအတွက် အခက်အခဲများ ကြုံလာနိုင်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။ရာသီဥတုပြောင်းလဲမှုကြောင့် အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းရှိ အကြီးဆုံးမြစ်ဝှမ်းဒေသများ၌ ယခုရာစုနှစ်အတွင်း မြစ်ရေစီးဆင်းမှုသည် ၂၀ ရာခိုင်နှုန်းထိ လျော့ကျသွားနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု အနောက်ဘက်ဒေသရှိ မြစ်ကြောင်းများသည် တက္ကဆက်ပြည်နယ်နှင့် ကယ်လီဖိုးနီးယားပြည်နယ်အပါအဝင် ပြည်နယ်ရှစ်ပြည်နယ်သို့ ရေသယံဇာတများ ဖြည့်ဆည်းပေးထားရသည်။အစီရင်ခံစာ၏ အဆိုအရ ကော်လိုရာဒို၊ ရီယိုဂရန်းနှင့် ဆန်ယိုကွင်းမြစ်များသည် ရေစီးဆင်းမှုနှုန်း ရှစ်ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ နှစ်စဉ်ကျဆင်းလာဖွယ်ရှိကြောင်း သိရသည်။ **အင်တာနက်။**

ဂါဇာလွတ်မြောက်ရေးရေယာဉ်အုပ်စု အစ္စရေး ဟန့်တားနိုင်ဖွယ်ရှိ

ဂျေရုဆလင် ဧပြီ ၂၇

ဂါဇာကမ်းမြောင်ပိတ်ဆို့မှုကို ကျော်ဖြတ်ရန်ကြိုးပမ်းခဲ့သော တူရကီသင်္ဘောတစ်စင်းအား အစ္စရေးရေတပ်က တက်ရောက်စီးနင်းခဲ့မှု နှစ်ပတ်လည်အဖြစ် ဂါဇာဒေသသို့ သွားရောက်မည့် ပါလက်စတိုင်းလိုလားသော ထောက်ပံ့ရေးသင်္ဘော အုပ်စုကို ကြားဖြတ်ဟန့်တားမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ဗုဒ္ဓဟူးနေ့၌ အရိပ်အမြွက် ပြောကြားခဲ့သည်။

လွတ်လပ်သော ဂါဇာလှုပ်ရှားမှုဟူ၍ အမည်ပေးထားသည့် ဂါဇာကမ်းမြောင်ထောက်ပံ့ရေး သင်္ဘောအုပ်စု၌ သင်္ဘော ၁၅ စင်းပါဝင်ပြီး ဥရောပနှင့် အမေရိကန်နိုင်ငံများမှ နိုင်ငံတကာ ခရီးသည်များ ပါဝင်လိုက်ပါမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် မေလ ၃၁ ရက်က ဂါဇာထောက်ပံ့ရေးရေယာဉ်အုပ်စုတွင် အပါအဝင်ဖြစ်သော တူရကီသင်္ဘော မာဗီမာမာရားကို အစ္စရေးရေတပ်ကစီးနင်းခဲ့ရာ တူရကီနိုင်ငံသား ကိုးဦးသေဆုံးခဲ့ရသည်။

ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားသော အစ္စရေးရေတပ် အတားအဆီးများကို ဖျက်ချိုးရန် ကြံစည်နေသည့် ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုသစ်၏ ပြဿနာကို တုံ့ပြန်နိုင်ရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အစိုးရအဖွဲ့အစည်းအဝေးတစ်ရပ်ကို ခေါ်ယူခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂါဇာထောက်ပံ့ရေးရေယာဉ်အုပ်စု ဂါဇာဒေသသို့ လာရောက်နိုင်ခြင်း မရှိစေရေးအတွက် အစွမ်းကုန်ဖိအားပေးတားဆီးရန် အစ္စရေးဝန်ကြီးချုပ်က အစ္စရေးသံတမန်များအား ညွှန်ကြားခဲ့သည်။ **အင်တာနက်။**

အပြိုင်အဆိုင်ဖြစ်လာသော သမုဒ္ဒရာရေအောက်ချောက်နက်များ စူးစမ်းလေ့လာရေးခရီးစဉ်

လော့စ်အင်ဂျလိစ် ဧပြီ ၂၇

နေရောင်ခြည် ထိတွေ့ဖူးခြင်းမရှိသော သမုဒ္ဒရာရေအောက် ပေ ၃၆၀၀၀ အနက်၌ မည်မျှထူးဆန်းသည့် ရေသတ္တဝါများ ကျက်စားနေထိုင်သည်ကို မည်သူမျှသိနိုင်သေးမည် မဟုတ်ပေ။ သို့ရာတွင် ယခုအခါ ကမ္ဘာ့အနက်ဆုံးသမုဒ္ဒရာချောက်များ၏ လျှို့ဝှက်ချက်ကို ထရီတန်ရေငုပ်သင်္ဘော ခရီးစဉ်နှင့် ဗာဂျင်းအိုရှင်းနစ်ရေအောက်ခရီးစဉ်တို့က အပြိုင်အဆိုင် ဖော်ထုတ်ကြတော့မည်ဖြစ်သည်။

နယ်မြေသစ်စူးစမ်းလေ့လာရေးနှင့် ပတ်သက်၍ စကားဖောင်ဖွဲ့မိပါက လူအတော်များများသည် အာကာသလေ့လာစူးစမ်းရှာဖွေရေးကိုသာ ဖောင်းပေးပြောတတ်ကြသည်။ သို့ရာတွင် ကမ္ဘာပေါ်ရှိ နယ်မြေသစ်စူးစမ်းလေ့လာမှုများ၊ အထူးသဖြင့် သမုဒ္ဒရာချောက်နက်များ စူးစမ်းလေ့လာမှုများကိုမူ ငဲ့စောင်းကြည့်သူ အလွန်နည်းလှသည်။

ပစိဖိတ်သမုဒ္ဒရာ၏ မာရီယာနာချောက်သည် ပေပေါင်း ၃၆၀၀၀ နက်ရှိုင်းပြီး ပွာတိုရီကိုချောက်သည် ပေပေါင်း ၂၈၀၀၀ နက်သည်။ အလင်းဖြင့်အစာချက်လုပ်မှုဖြစ်စဉ် မရှိသည့် ထိုသမုဒ္ဒရာချောက်နက်များထဲ၌ မည်သို့သောအရာများ တည်ရှိနေသည်ဆိုခြင်းမှာ လူသားမျိုးနွယ်စုအတွက် မဟာလျှို့ဝှက်ချက်များအဖြစ် ကျန်ရစ်နေဆဲဖြစ်သည်။

ဗာဂျင်းကုမ္ပဏီအုပ်စုကို တည်ထောင်သူ သန်းကြွယ်သူဌေး ဆာရစ်ချက်ဘရန်ဆင်၏ ဗာဂျင်းအိုရှင်းနစ်ရေငုပ်သင်္ဘောသည် လာမည့်နှစ်နှစ်အတွင်း ကမ္ဘာ့သမုဒ္ဒရာငါးစင်း၏ အနက်ရှိုင်းဆုံးနေရာများသို့ ငုပ်ဆင်းရန်စီစဉ်ထားသည်။ သို့ရာတွင် ဗာဂျင်းအိုရှင်းနစ် ရေအောက်ခရီးစဉ်ကို စိန်ခေါ်မည့်စီမံကိန်းတစ်ရပ်လည်း ထွက်ပေါ်လာပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်အခြေစိုက် သုတေသနအုပ်စုတစ်စုသည် ထရီတန် ၃၆၀၀၀-၃ အမည်ရှိ ရေငုပ်ယာဉ်ကို တည်ဆောက်ကာ ကမ္ဘာ့အနက်ဆုံးသမုဒ္ဒရာချောက်နက်များကို ပထမဆုံးဆင်းသက်လေ့လာနိုင်ရန် စီစဉ်လျက်ရှိသည်။ ယင်းအပြင် ထရီတန် ၃၆၀၀၀-၃ ရေငုပ်ယာဉ်သည် သမုဒ္ဒရာချောက်များ၏ အောက်ခြေကြမ်းပြင်အထိဆင်းကာ စူးစမ်းလေ့လာမှုများနှင့် ပင်လယ်ကြမ်းပြင်မြေပုံများရေးဆွဲမှုကိုလည်း လုပ်ဆောင်ရန် ရည်မှန်းထားသည်။ အမေရိကန်ဒေါ်လာ သန်း ၂၀ မျှ ကုန်ကျမည့် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ရန် ထရီတန်အုပ်စုက ဘဏ္ဍာရေးအရ ထောက်ပံ့မည့်သူများကို ရှာဖွေနေပြီဖြစ်သည်။

ဗာဂျင်းအုပ်စု၏ ဗာဂျင်းအိုရှင်းနစ် ရေငုပ်ယာဉ်နှင့်အတူ ဆာရစ်ချက်ဘရန်ဆင်ကို တွေ့ရစဉ်။

ထရီတန်အုပ်စု၏ ရေငုပ်သင်္ဘောတွင် လူနှစ်ဦးလိုက်ပါနိုင်ပြီး ရေငုပ်ယာဉ်အတွင်း နာရီပေါင်း ၁၀၀ နေထိုင်၍ စူးစမ်းလေ့လာမှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဗာဂျင်းအိုရှင်းနစ် ရေငုပ်ယာဉ်မှာ လေယာဉ်ပျံတစ်စင်းနှင့် တူပြီး လူတစ်ဦးပါဝင်လိုက်ပါနိုင်ကာ ရေအောက်အနက် ၆ ဒသမ ၂ မိုင်အထိ ငုပ်ဆင်းနိုင်သည်။

ဗာဂျင်းအုပ်စုနှင့် ထရီတန်အုပ်စုတို့ အပြိုင်အဆိုင်လုပ်ဆောင်ကြမည့် သမုဒ္ဒရာချောက်နက်များ လေ့လာရေးခရီးစဉ်များ၏ ရလဒ်များမှာ စိတ်ဝင်စားဖွယ်ကောင်းပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့အတွက် မဟာအခက်အခဲကြီးတစ်ခုမှာ ရေဖိအားဒဏ်ကို ကျော်လွှားနိုင်ရေးဖြစ်သည်။ ကမ္ဘာ့အနက်ရှိုင်းဆုံးနေရာများတွင် မည်သည့်ယာဉ်အမျိုးအစားမဆို အလေးချိန်ပေါင် ၁၃ သန်းနှင့် ညီမျှသည့် ဖိအားဒဏ်ကို ခံစားရမည်ဖြစ်သည်။

အကယ်၍ သမုဒ္ဒရာရေအောက်၌ ရေငုပ်ယာဉ်ချို့ယွင်းမှုဖြစ်ပေါ်ခဲ့ပါက ကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်နိုင်မည် မဟုတ်ပေ။ အလွန်တရာကြီးမားသော ရေအောက်ဖိအားသည် ရေငုပ်ယာဉ်အတွင်းရှိနေသူများကို အမှုန့်ချေပစ်နိုင်မည်ဖြစ်သည်။

နယ်မြေသစ်စွန့်စားရှာဖွေမှုများ ပြုလုပ်မည်ဆိုပါက ဘေးအန္တရာယ်ဟူသည် ရှောင်လွှဲမရနိုင်သော အစိတ်အပိုင်းအဖြစ်ခံယူထားရန် လိုအပ်ပေလိမ့်မည်။ **အင်တာနက်။**

ပြည်တွင်းပြည်ပမှ လေ့လာသူများ ပြည့်ပြည့်စုံစုံ လေ့လာနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို အဆင့်မြင့်ပြတိုက်ဖြစ်အောင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)သို့ ရောက်ရှိရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြတိုက်မှူးတို့က ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရတနာပစ္စည်းများကို ရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက ကျောက်မျက်ရတနာပြတိုက်ကြီးသည် မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက် အဖိုးတန်သယံဇာတ၊ ရတနာများ ပေါကြွယ်ဝမှုကို နိုင်ငံတကာသို့ ပြသည့်နေရာပင်ဖြစ်ကြောင်း၊ ပြခန်းများအတွင်းရှိ ရတနာပစ္စည်းများကို ပြသရာတွင် ပြင်ဆင်ပြသထားမှုယခုထက်ပိုမိုကောင်းမွန်အောင်၊ ခေတ်မီအောင် ဆောင်ရွက်ကြရန်၊ ပြတိုက်အတွင်း ပြသထားသည့် ရတနာပစ္စည်းများကို ဓာတ်ပုံနှင့်တကွ မှတ်တမ်းသမိုင်း အကျဉ်းချုပ်ထားရှိရန်၊ ရတနာပစ္စည်းများ၏ အမျိုးအစား၊ ထွက်ရှိသည့်နေရာ၊ ခုနှစ်၊ အလေးချိန်၊ ခန့်မှန်းတန်ဖိုးဖော်ပြထားရန်၊ ရှေးဟောင်းလက်ရာ ရတနာပစ္စည်းများဖြစ်သဖြင့် ယခင်တန်ဖိုး၊ ယခုတန်ဖိုး နှိုင်းယှဉ်ပြသထားခြင်းမျိုးကို ပညာရှင်များနှင့် ညှိနှိုင်း၍ (Current Price) လက်ရှိကာလပေါက်ဈေးများ တွက်ချက်ပြီး ဖော်ပြထားရန်၊ ကျောက်မျက်ရတနာနှင့် သတ္တုသယံဇာတများ ထွက်ရှိရာနေရာပြမြေပုံတွင်လည်း အသစ်ထွက်ရှိလာသော တွင်းထွက်များ ထပ်မံထည့်သွင်းဖော်ပြထားရန်နှင့် ဤပြတိုက်ကြီးသည် ပြည်တွင်းပြည်ပမှ စိတ်ဝင်စားသူများ၊ လေ့လာသူများအတွက် မြန်မာ့ကျောက်မျက်ရတနာများကို ပြည့်ပြည့်စုံစုံလေ့လာနိုင်သည့် အဆင့်မြင့်ပြတိုက်ကြီးဖြစ်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ကွင်းဆင်းအခြေစိုက်စခန်း(ရန်ကုန်)သို့ ရောက်ရှိပြီး သက်ဆိုင်ရာ ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဓာတ်ခွဲစမ်းသပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာမိုင်းတွင်းများမှ စမ်းသပ်စစ်ဆေးပေးရန် ပေးပို့လာသော ဓာတ်သတ္တုတွင်းထွက်များကို တိတိကျကျ မြန်မြန်ဆန်ဆန် အမျိုးအစား မှန်မှန်ကန်ကန် ဓာတ်ခွဲစမ်းသပ်မှုများ ပေးပို့နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှုရှိစေရန် ဆင့်ပွားသင်တန်းများပေး၍ စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်၊ ရုံးပတ်ဝန်းကျင် အတွင်း/အပြင် သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ကြရန်၊ စာရွက်စာတမ်းများ လုံခြုံရေး၊ သတင်းအချက်အလက်လုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ အဆောက်အအုံလုံခြုံရေး၊ ပေါ်ဆမီးအန္တရာယ် မဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ လမ်း/တံတားများ ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ပုဂံမြို့မှထွက်ခွာ၍ ချောက်-စဥ့်ကူလမ်းကို ကြည့်ရှုစစ်ဆေးပြီး အနော်ရထာတံတား (ချောက်)သို့ရောက်ရှိရာ လေယာဉ်ကွင်းအထူးအဖွဲ့ (၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သက်၊ မြင်းခြံခရိုင် အင်ဂျင်နီယာမှူးဒေါ်မာမာအေးနှင့် မကွေးခရိုင် အင်ဂျင်နီယာမှူး ဒေါ်သူဇာညွန့်တို့၏ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းတင်ပြမှုတို့အပေါ် ဒုတိယဝန်ကြီးက မိမိခရိုင်အတွင်းရှိ လမ်း၊ တံတားများ ကောင်းမွန်နေစေရေးအတွက် ဂရုတစိုက်ထိန်းသိမ်းရန်၊ လမ်းတည်ဆောက်ရေး လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်နှင့် BOT လမ်းများ ကောင်းမွန်စေရေးတို့ကိုလည်း ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးခရိုင်မှ တာဝန်ယူဆောင်ရွက်နေသော ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား-မကွေးလမ်း မိုင်တိုင်အမှတ် (၆၁/၃)နှင့် (၆၁/၄) ကြားရှိ ဝါးခုတ်ချောင်း ရေကျော် တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း မိုင်တိုင် (၅၃) မှန်ပြတောင်၌ မြေထိန်းနံရံ အနိမ့် (Toewall) ဆောက်လုပ်ရန်၊ မိုင်တိုင် (၁၄/၅)၌ လမ်းပခုံး ရေတိုက်စားမှုရှိနေ၍ ရေမြောင်းဖောက်လုပ်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။ ထို့ပြင် မိုင်တိုင် (၁၁/၆) တွင် တံတားတည်ဆောက်ရေးစီမံကိန်း အထူး အဖွဲ့(၉)က တည်ဆောက်လျက်ရှိသော ထန်းတစ်ပင်ချောင်း သုံးခန်းတွဲ ကွန်ကရစ် (Box Culvert) ဆောင်ရွက်နေမှု အခြေအနေနှင့် မိုင်တိုင်အမှတ် (၁၁/၄) ရှိ ငလိုက်ချောင်း လေးခန်းတွဲ ကွန်ကရစ် (Box Culvert) ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား-မကွေးလမ်း ဝါးခုတ်ချောင်း ရေကျော်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည် တွ င်း ဈေး ကွက် သ တ င်း

ပြည် တွ င်း ဈေး ကွက် သ တ င်း

ယခုအပတ် ပြည်တွင်းပဲမျိုးစုံ ဈေးကွက်တွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံဈေးကွက်များ ကျဆင်းလျက်ရှိသည်။

မတ်ပဲ ။ ။ *သိသိသာသာကျဆင်းလာသော ဈေးကွက်မှာ မတ်ပဲဈေးကွက်ဖြစ်သည်။ ယခုအပတ် ပြည်တွင်းပဲမျိုးစုံ ဈေးကွက်တွင် မုံရွာ၊ မန္တလေး၊ ပြည်နှင့် ဟင်္သာတ မတ်ပဲဈေးကွက်မှာ သိသိသာသာကျဆင်းလာရာ ဧပြီပထမပတ် မတ်ပဲ တစ်တန်ဈေးနှုန်းထက် ကျပ်တစ်သောင်းဝန်းကျင်မှ ကျပ်ခြောက်သောင်းခန့်အထိ ကျဆင်းခဲ့ကြောင်း သိရသည်။*

ပဲတီစိမ်း။ ။ *ယခုအပတ် ပဲတီစိမ်းဈေးကွက်တွင် မုံရွာ၊ မန္တလေးနှင့် ပခုက္ကူ ပဲတီစိမ်းဈေးကွက်မှာ အရောင်းအဝယ် အေးနေ၍ ဈေးကွက်တည်ငြိမ်လျက်ရှိသော်လည်း ဟင်္သာတ ပဲတီစိမ်းဈေးကွက်မှာ ဧပြီပထမပတ် ပဲတီစိမ်း တစ်တန်ဈေးနှုန်းထက် ကျပ်တစ်သိန်းကျော်အထိ ကျဆင်းခဲ့ကြောင်း သိရသည်။*

ပဲစင်းငုံ(အနီ)။ ။ *ယခုအပတ် ပဲစင်းငုံ(အနီ)ဈေးကွက်တွင် မုံရွာ၊ မန္တလေးနှင့် ပခုက္ကူ ပဲစင်းငုံ(အနီ)ဈေးကွက်မှာလည်း ဧပြီပထမပတ် ပဲစင်းငုံ(အနီ)တစ်တန်ဈေးနှုန်းထက် ကျပ်နှစ်သောင်းကျော်မှ ကျပ်ငါးသောင်းခန့်အထိ ကျဆင်းခဲ့ပြီး ပြည် ပဲစင်းငုံ(အနီ)ဈေးကွက်မှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။*

မတ်ပဲနှင့် ပဲစင်းငုံကို ပြည်ပသို့ တင်ပို့ခဲ့ကြသော်လည်း ဝယ်လိုအားနည်းနေသဖြင့် ဈေးကွက်ကျဆင်းခဲ့ရခြင်းဖြစ်သည်။

နှမ်း(ဖြူ)။ ။ *ပြည်တွင်းနှမ်းဈေးကွက်တွင် မုံရွာ၊ မန္တလေးနှင့် မကွေး နှမ်း(ဖြူ) ဈေးကွက်မှာ မုံရွာနှင့် မန္တလေးတွင် ဧပြီပထမပတ်ထက် နှမ်း(ဖြူ) တစ်တန်ဈေးနှုန်းမှာ သုံးသောင်းကျော်မှ ငါးသောင်းကျော်ထိ တက်ခဲ့ပြီး မကွေးနှမ်း(ဖြူ) ဈေးကွက်မှာ တစ်သောင်းကျော်ထိ ကျဆင်းခဲ့ကြောင်း သိရသည်။*

နှမ်း(နက်)။ ။ *ယခုအပတ် ပြည်တွင်းနှမ်း(နက်) ဈေးကွက်တွင် မန္တလေး နှမ်း(နက်) ဈေးကွက်တွင် နှမ်း(နက်) တစ်တန်ဈေးနှုန်းမှာ ဧပြီပထမပတ်ထက် လေးသောင်းကျော် မြင့်တက်ခဲ့ပြီး မကွေးနှင့် ပြည် နှမ်း(နက်) ဈေးကွက်မှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။*

ကြက်သွန်နီ။ ။ *ယခုအပတ် ပြည်တွင်းကြက်သွန်နီဈေးကွက်၌ မကွေးကြက်သွန်နီဈေးနှုန်းမှာ ဧပြီပထမပတ်က တစ်ပိဿာ ဈေးနှုန်းကျပ် ၃၀၀ ရှိရာမှ ယခုတစ်ပိဿာကျပ် ၃၃၀ ဖြစ်ပြီး မန္တလေးကြက်သွန်နီဈေးကွက်မှာ တစ်ပိဿာ ကျပ် ၄၅၀ မှ၃၈၀ သို့ ကျသွားခဲ့သည်။ မုံရွာနှင့် ပခုက္ကူကြက်သွန်နီဈေးကွက်မှာ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသည်။*

ကြက်သွန်ဖြူ။ ။ *ယခုအပတ် ပြည်တွင်းကြက်သွန်ဖြူဈေးကွက်တွင် မကွေး ကြက်သွန်ဖြူဈေးနှုန်းမှာ ဧပြီပထမပတ်ဈေးနှုန်းထက် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၃၃၀၀ ထိ ကျဆင်းခဲ့ပြီး မန္တလေး ကြက်သွန်ဖြူဈေးနှုန်းမှာ ဧပြီပထမပတ်က ကျပ် ၁၈၀၀ မှ ကျပ် ၁၇၀၀ ထိကျဆင်းခဲ့သည်။ မုံရွာနှင့် ရန်ကုန် ကြက်သွန်ဖြူဈေးကွက်မှာ တည်ငြိမ်လျက်ရှိကြောင်းသိရသည်။*

နိုင်လင်းကြည်

မြောင်းမြ ဆရာအတတ်သင် အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၇

မြောင်းမြဆရာအတတ်သင်၏ အာစရိယပူဇော်ပွဲကို မေ ၂ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီဂေါပကရုံး၌ ကျင်းပမည်ဖြစ်ရာ (၁၉၇၃/၇၄-၁၉၇၄/၇၅) ကျောင်းဆင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးလွင်ပင် ဖုန်း-၀၉-၇၃၀၁၀၃၈၉၊ ဦးလှငွေး ဖုန်း-၀၁-၆၂၉၅၃၅နှင့် ဦးစိုးသိန်း ဖုန်း-၀၉-၈၀၃၁၉၄၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်းတန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၀၀ ၇။ အတီးပြိုင်ပွဲ
- ၈း၀၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၈း၁၀ ၉။ အကပဒေသာ
- ၈း၂၅ ၁၀။ "အမှန်ထင်နေသောအမှား"
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၁၀ ၇။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်"
- ၅း၃၀ ၈။ "အက္ခရာများကပြောသောစကား"
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ
- ၆း၃၅ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၂၇)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **"အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၂၅)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၁၁)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၅၄)**
- ၂၀။ အစီအစဉ်ပြီး၏။

တာမွေမြို့နယ် ကျောက်မြောင်း ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် ဈေးလမ်းနေ ဦးညွန့်တင်-ဒေါ်အုန်းစိန်မိသားစုက ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ဝင်းဝင်းရွှေတို့ လက်ခံယူစဉ်။ (ကြေးမုံ)

မိမိတို့နေအိမ်တွင်

- (က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
- (ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
- (ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
- (ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
- (င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
- (စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
- (ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
- (ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
- (ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဧပြီ ၂၇

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ရှိ ယုဇနဆောက်လုပ်ရေးက တာဝန်ယူဆောက်လုပ်နေသော ကွန်ပျူတာတက္ကသိုလ်(မြိတ်) ပင်မသုံးထပ်စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ယုဇနဆောက်လုပ်ရေးမှ တာဝန်ခံအင်ဂျင်နီယာ ဦးခင်ဦးက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို Power Point ဖြင့်လည်းကောင်း၊ ပုံစံငယ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆောက်အအုံသည် မြိတ်မြို့ ရွှေဒူးကျေးရွာတွင်တည်ရှိပြီး အကျယ်အဝန်းမှာ အလျား ၅၁၃ ပေ၊ အနံ ၃၆၂ ပေ ၉ လက်မရှိ၍ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ မြေညီထပ်အမြင့် ၁၄ ပေ၊ ပထမအထပ်အမြင့် ၁၄ ပေ၊ ဒုတိယအထပ်အမြင့် ၁၄ ပေ၊ Multi parpose ၂၅ ပေရှိ၍ စုစုပေါင်း ၇၉ ပေ ၁၀ လက်မရှိမည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ဝဲပုံ)** တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်း အရည်အသွေး ကောင်းမွန်စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ မြစ်ငယ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၆) (မြစ်ငယ်)သို့ရောက်ရှိရာ တာဝန်ရှိသူများက ဟောင်းနွမ်း၍ ဥပဓိရုပ်မကောင်းသော စာသင်ဆောင်ကိုဖျက်ပြီး ကိုယ့်အားကိုယ်ကိုးဖြင့် အာစီကွန်ကရစ်သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဖွင့်ရာသီအမီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်နှင့် အသုံးပြုပစ္စည်းများ အလေအလွင့် မရှိစေရေးတို့ကို မှာကြားသည်။

ယင်းနောက် မြိတ်တောင်ကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၉) (အင်းလေးကမ်း)သို့ သွားရောက်၍ ယိုယွင်းပျက်စီးလျက်ရှိသည့် ကျောင်းဆောင်အား ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ယုဇနဆောက်လုပ်ရေးကုမ္ပဏီက BOT စနစ်ဖြင့် လမ်းကြီးကြပ်လုပ်ကိုင်လျက်ရှိသော မြိတ်-တနင်္သာရီ-သဲဖြူ-မောတောင် (မိုင်-၁၂၀၊ ၂ ဖာလုံ) လမ်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်သက်က မြေသား လေးလမ်းသွား၊ ကတ္တရာ နှစ်လမ်းသွား လမ်းဖောက်လုပ်မှုအခြေအနေ၊ မြိတ်-တနင်္သာရီလမ်းပိုင်း မိုင်တိုင်အမှတ်(၁၄/၃)မှ (၁၉/၆)အကြား လမ်းသစ်ဖောက်လုပ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းဖို့ရာတွင် မြေဆီလွှာစစ်ဆေးပြီး ခိုင်ခံ့ကောင်းမွန်သည့်မြေသားကိုသာ အသုံးပြုရန်၊ လမ်းပြုလုပ်ပြီးသောအခါ မြေသားများ နိမ့်ကျကျွံဝင်ခြင်း မဖြစ်စေရန်၊ လမ်းပေါ်တွင် ရေမဝပ်စေရန်၊ လမ်းဘေးရေနုတ်မြောင်းများ ကောင်း၍ ရေစီးရေလာကောင်းမွန်စေရန်၊ မိုးတွင်း၌ ရေချိုင့်များဖြစ်ပေါ်ပြီး ရွှံ့ဗွက်များထ၍ လမ်းမချော်စေရန်တို့ကို မှာကြား၍ စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုနှင့် မြိတ်-တနင်္သာရီ လမ်းပိုင်း လမ်းဖောက်လုပ်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းအနောက် မနော်ဟရီလမ်းနေ ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဒေါ်တင်ကြည်၊ မနွယ်နီတို့အား ရည်စူး၍ ဦးစစ်ရွှေ-ဒေါ်ခင်သန်း သားသမီးမြေးတစ်စုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများ ဆေးကုသဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း ၃၀ ကို လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံစဉ်။ (၃၄၂)

နိုင်ငံ တကာ ရုပ်ရှင် အနု ပညာ ရပ်ဝန်း

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပမည်

(၈၄)ကြိမ်မြောက် အော်စကာ ဆုပေးပွဲကို မူလက လာမည့်နှစ် ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပရန် သတ်မှတ်ထားသော်လည်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်(တနင်္ဂနွေနေ့)သို့ ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း သိပ္ပံနှင့် အနုပညာရုပ်ရှင်အကယ်ဒမီ ဥက္ကဋ္ဌ တွမ်ရှီရတ်က အင်္ဂါနေ့တွင် ပြောကြားသည်။

မိနစ် ၉၀ ကြာကျင်းပမည့် အော်စကာ ဆုပေးပွဲ အခမ်းအနားကို ကိုဒက်ကပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး ABC ရုပ်သံမှ တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အော်စကာဆုများ ရွေးချယ်ရာတွင် သိပ္ပံနှင့် အနုပညာရုပ်ရှင်အကယ်ဒမီမှ အဖွဲ့ဝင် ၆၀၀၀ နီးပါးထံသို့ ဆန်ခါတင် ရွေးချယ်ထားသည့် ရုပ်ရှင်ကားများမှ သရုပ်ဆောင်မှုများကို ဒီဇင်ဘာ ၂၇ ရက်

မှစ၍ လျှို့ဝှက်မဲပေးစေပြီး ဇန်နဝါရီ ၁၃ ရက်တွင် ပြန်လည်စုစည်းကာ အော်စကာ ဆုရ အနုပညာရှင်များကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆုပေးပွဲ အခမ်းအနား ကျင်းပမည်ဖြစ်သည်။ ***အင်တာနက်။***

ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော် အရောင်းမြှင့်တင်ရေးပွဲမှ အရောင်းအဝယ်စာချုပ်များ၏ တန်ဖိုး ယွမ် ၂ ဒသမ ၈ ဘီလီယံခန့်ရှိ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသည့် ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှ အရောင်းမြှင့်တင်ရေး ပွဲတွင် ရုပ်ရှင်ကားများ အရောင်းအဝယ် သဘောတူစာချုပ်နှင့် ရုပ်ရှင်လုပ်ငန်းနှင့် ပတ်သက်ဆက်စပ်သည့် လုပ်ငန်းများ အရောင်းအဝယ်သဘောတူစာချုပ်များ၏ တန်ဖိုးမှာ ယွမ် ၂ ဒသမ ၈ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၄၂၇ ဒသမ ၄ သန်း)ရှိကြောင်း အင်္ဂါနေ့က ထုတ်ပြန်ကြေညာသည်။

ပထမအကြိမ်အဖြစ် ကျင်းပသည့် ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်မှ

အရောင်းမြှင့်တင်ရေးပွဲ၏ စုစုပေါင်း တန်ဖိုးပမာဏမှာ တရုတ်နိုင်ငံတွင် ကျင်းပခဲ့သမျှ ရုပ်ရှင်ပွဲတော်များ အားလုံးတွင် စံချိန်တင်သွားကြောင်း ပွဲတော်ကျင်းပရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သို့ ပြည်တွင်း ပြည်ပရုပ်ရှင်လုပ်ငန်း လုပ်ငန်းရှင် ၃၃၄ ဦးနှင့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် ၈၀၀ ကျော်တက်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင် ၁၀၀ က အရောင်းအဝယ်စာချုပ် ၂၅၆ ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အင်တာနက်။***

တိုက်တန်းနစ်မင်းသမီး ကိတ်ဝင်းစလတ်၏ဘဝကောက်ကြောင်း

Single Mummy အဖြစ် ရုန်းကန်နေရသည့် ကိတ်ဝင်းစလတ်။

တိုက်တန်းနစ်မင်းသမီးအဖြစ် နာမည်ကျော် လူကြိုက်များခဲ့သည့် မင်းသမီးချော ကိတ်ဝင်းစလတ်၏ အမည်ရင်းမှာ ကိတ်အယ်လီဇဘတ်ဝင်းစလတ်ဖြစ်ပြီး သူမကို ၁၉၇၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် မွေးဖွားခဲ့သည်။

သူမသည် ၂၀၀၈ ခုနှစ်တွင် The Reader ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့သည်။ ကိတ်ဝင်းစလတ်သည် ငယ်ရွယ်စဉ်ကတည်းက သရုပ်ဆောင်မှု အနုပညာ၊ အတတ်ပညာများကို လေ့လာလိုက်စားခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ဗြိတိသျှရုပ်သံမှစ၍ အနုပညာလောကသို့ ဝင်ရောက်လာသူဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် သူမ၏ပထမဦးဆုံး ဇာတ်ကားဖြစ်သည့် Heavenly Creatures ဇာတ်ကားဖြင့်ပင် ပရိသတ်များ သတိထားမိလာသူဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် Sense and Sensibility ဇာတ်ကားကို ဆက်လက်ရိုက်ကူးခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် သူမကို ကမ္ဘာကျော်မင်းသမီးတစ်လက်ဖြစ်စေမည့် ကမ္ဘာကျော်ရုပ်ရှင်ကား Titanic ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး သူမသည်လည်း တိုက်တန်းနစ်မင်းသမီး အဖြစ် ထင်ရှားကျော်ကြားလာခဲ့သည်။

ဆက်လက်၍ သူမသည် ၂၀၀၀ ပြည့်နှစ်တွင် Quills ဇာတ်ကား၊ ၂၀၀၁ ခုနှစ်တွင် Iris ဇာတ်ကား၊ ၂၀၀၄ ခုနှစ်တွင် Enteral Sunshineof the Spotless Mind ဇာတ်ကားနှင့် Finding Neverland ဇာတ်ကားများ၊ ၂၀၀၆ ခုနှစ်တွင် Little Children ဇာတ်ကား၊ ၂၀၀၈ ခုနှစ်တွင် The Reader ဇာတ်ကားနှင့် Revolutionary Road ဇာတ်ကားကို Titanic ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်ခဲ့သည့် မင်းသားလီယိုနာဒိုနှင့် ရိုက်ကူးခဲ့သည်။ ၂၀၀၆ ခုနှစ်က ရိုက်ကူးခဲ့သည့် စိတ်ကူးယဉ်ချစ်ဇာတ်လမ်း The Holiday ဇာတ်ကားနှင့် Flushed Away ဇာတ်ကားများသည်လည်း သူမဘဝတွင် အောင်မြင်မှုရရှိခဲ့သည့် ဇာတ်ကားများပင်ဖြစ်သည်။

အသက်(၃၆)နှစ် ရှိပြီဖြစ်သည့် ကိတ်ဝင်းစလတ်သည် ပထမအိမ်ထောင်ဖက်ဖြစ်သည့် Jim Threapleton နှင့် သမီးလေး Mia(၁၂)နှစ်နှင့် ဒုတိယအိမ်ထောင်ဖက်ဖြစ်သည့် သူမကို Revolutionary Road ဇာတ်ကား ရိုက်ကူးပေးခဲ့သူ ဒါရိုက်တာ Sam Mendes နှင့် သားလေး Joe(၇)နှစ်တို့ကို မွေးဖွားခဲ့သည်။ အိမ်ထောင်ဖက် နှစ်ဦးစလုံးနှင့် ကွာရှင်းပြတ်စဲထားသည့် ကိတ်ဝင်းစလတ်သည် သားသမီးနှစ်ဦးနှင့်အတူ ဟောလိဝုဒ်တွင် Single Mummy (ကလေးအမေ တစ်ကိုယ်တည်း)အဖြစ် ဘဝကို ရုန်းကန်လှုပ်ရှားနေပါကြောင်း။ ***အင်တာနက်။***

အောဝမ်းစိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဝိပဿနာအားထုတ်မှုစိတ်ချရ" တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
- ၆း၄၀ အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နိုးဘုရား
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၅)**
- ၈း၄၅ ပျော်စရာကြီး Live Show (အပိုင်း-၄)
- ၉း၁၅ ဒေဝဒဟာသဗ္ဗသိဒ္ဓိ၊ နတ်စင်တစ်ရာ ကျောင်းအမှုပြုသော သန့်စင်အောင်ကုမ္ပဏီ၏ စတုဒိသာအလှူမှုသည်. . .
- ၉း၃၀ Science For All (ဆူနာမီအန္တရာယ် သတိပြုဖွယ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၉း၅၅ Activities In The City [အထက(၁)မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ]
- ၁၀း၀၅ အရုဏ်ဦးမှအလှဆင်စရာ ခန်းစီးလိုက်ကာများ
- ၁၀း၂၅ ရန်ကုန်မြင်ကွင်းကျယ် [ဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)အသက်(၉၂)နှစ် နှစ်ဦးမင်္ဂလာ]
- ၁၀း၃၀ ရန်နံ့ထုံကြည်အလင်္ကာနှင်းဆီ (အဆိုတော်ကြာညိုသွယ်)
- ၁၀း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၂၀ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဒူရိယ၏သက်တော် (၁၀၀)ရာပြည့်ပူဇော်ပွဲ
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ရှေးမူမပျက်ဆင်ယင်နွဲ ရှင်ပြုအလှူမင်္ဂလာပွဲ
- ၁၂း၂၅ "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစတိလ မဟာထေရ်မြတ်၏ "ပုနောပသမ္ပဒအဘိဝိဇာတမင်္ဂလာ"နှင့် "အဘိဓဇအဂ္ဂမဟာပူဇာသဘင်"
- ၁း၀၀ "ဝိပဿနာအားထုတ်မှုစိတ်ချရ" တရားတော် [ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၇)**
- ၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၅)**
- ၅း၀၅ တေးသံဝေစီ ငွေဆောင်ကမ်းခြေဆီ
- ၅း၂၀ ရန်ကုန်မြင်ကွင်းကျယ် (SPLASH CORPORATION ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနား)
- ၅း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (နီနီခင်ဇော်)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Activities In The City (တော်ဝင်စင်တာအထူးကံထူးရှင်များအားပစ္စည်းပေးအပ်ပွဲ အခမ်းအနား)
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၈)**
- ၇း၂၅ ပျော်စရာကြီး Live Show (အပိုင်း-၅)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (အလုပ်လုပ်တာကောင်းတယ်၊ အလုပ်မလုပ်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီတဲ့အချစ်" (အပိုင်း-၄၆)**
- ၁၀း၁၅ အားကစားမြင်ကွင်းစုံ
- ၁၀း၄၀ မြန်မာကြိုက်နံ့သာဖြူပရုတ်ဆီ
- ၁၀း၅၀ အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၁၁း၂၀ ငြိမ်းချမ်းရေးလေပြည် ဆောင်ယူရာမှဖြစ်တည်လာသော ပန်းတစ်ခိုင်. . .
- ၁၁း၃၅ သင်ယူလေ့လာဂီတပညာ (Original of Music Video)
- ၁၁း၅၀ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
- ၁၂း၁၅ Box Office Movies (300)
- ၁၂း၅၀ ဝိရောဓိ CONTRA
- ၁၂း၅၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
- ၁း၀၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
- ၁း၅၀ ရွှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
- ၂း၁၅ ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
- ၂း၄၀ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
- ၄း၂၀ သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
- ၄း၄၀ မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ
- ၅း၀၀ အစီအစဉ်ပြီး။

အာဆီယံဆေးပညာရှင်လောကနှင့် အဆင့်တူပညာရှင်များဖြစ်အောင် သင်ကြားပေး တက္ကသိုလ်အချင်းချင်း ပူးပေါင်းညှိနှိုင်းလျက် ဆေးလောက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

နေပြည်တော် ဧပြီ ၂၇

ဆေးတက္ကသိုလ်များ၏ တိုးတက်မှုအောင်မြင်မှုရရှိအောင် မူဝါဒနှင့် လမ်းစဉ်မှန်ကန်ပြီး အချိန်နေရာအခြေအနေနှင့် ကိုက်ညီမှုရှိအောင် အသုံးချဆောင်ရွက်စေလိုကြောင်း၊ ပြည်သူအများအားကိုးသည့် အရည်အသွေးပြည့်ဝသော ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများဖြစ်အောင် လေ့ကျင့်ပေးရာဌာနများဖြစ်၍ အရေးကြီးကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဧပြီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များအား တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ဆေးတက္ကသိုလ်(၁) (ရန်ကုန်) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဝိုင်းဝန်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စည်းကမ်းကောင်းပြီး စည်းကမ်းရှိမှ လူတော်လူကောင်းများ ပေါ်ထွက်လာမှာဖြစ်ကြောင်း၊ စာပေအရည်အသွေးပြည့်ဝသည်သာမက လက်တွေ့လုပ်ငန်းကျွမ်းကျင်သည့် ဆရာဝန်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြစေလိုကြောင်း၊ တက္ကသိုလ်အချင်းချင်း၊ ဝန်ထမ်းအချင်းချင်း ညီညွတ်စွာဖြင့် လေးစားနားလည် သည်းခံရိုင်းပင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်က ခွင့်ပြုငွေနှင့် အထောက်အပံ့ရရှိမှုများကို အလေအလွင့်မရှိ အကျိုးရှိစွာ အသုံးချရန်နှင့် မကုန်သင့်သည်ကို မကုန်စေရန်အတွက် ဂရုတစိုက် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆေးပညာရှင်လောကနှင့် အဆင့်အတန်းတူညီအောင် ဆောင်ရွက်နိုင်သည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးရမှာ ဖြစ်ကြောင်း၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမ အနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ တပည့်များအား မွန်မြတ်သော သဘောထား ခံယူချက်များရှိအောင် ပြည်သူ့နီတိ လူ့ကျင့်ဝတ်သိက္ခာ စောင့်စည်းလိုက်နာမှုကို လက်ဆင့်ကမ်း သင်ကြားပေးစေလိုကြောင်း၊ ကျောင်းသားများ ကျောင်းနေပျော်အောင် အားကစား၊ စာပေနှင့် ယဉ်ကျေးမှု လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းညှိနှိုင်းလျက် ဆေးလောက ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းညှိနှိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ပါမောက္ခချုပ်များက မိမိတို့၏ တက္ကသိုလ်အသီးသီးအလိုက် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦးသည် နံနက် ၈ နာရီခွဲတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ်ရုံးခန်း ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားများ အေးချမ်းစွာ ပညာသင်ကြား နိုင်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့်ရာထူး၊ ဌာန**
(က) ဦးဌေးအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန
(ခ) ဦးခင်မောင်ဝင်း အထွေထွေမန်နေဂျာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန

ချင်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၇

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းမှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(သတင်းစဉ်)

အလန်းဇယားနှင့် လာထားအာဘွား ဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၂၇

ဧပြီ ၂၉ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာနှင့် မော်တင်ဂျန်းရှင်းရုံ၊ မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံတို့၌ ပြသဆဲဖြစ်သည့် **"အလန်းဇယား"** မြန်မာရုပ်ရှင်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။

အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက် ဩရသတို့ ရိုက်ကူးကြသည့် ဤဇာတ်ကားမှာ ဟာသရုပ်ရှင်ကို ပျော်ပျော်ရွှင်ရွှင် ကြည့်ရှုလိုသူတို့ **အလန်းဇယား**ဟူသည့် နာမည်နှင့် လိုက်ဖက်စွာ လန်းဆန်းပျော်ရွှင်စွာ ကြည့်ရှုနိုင်ကြမည့် ဟာသဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ သူထူးစံ၊ မိုးအောင်ရင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုး၊ မယ်လိုဒီ၊ ဗေလုဝ၊ ဇရော၊ ကေကေ၊ ကျော်ဇင်ထွဋ်၊ လင်းမောင်၊ကျော်သူရ၊ ဆင်မ၊ ဂျိန်းတို့နှင့်အတူ သရုပ်ဆောင်များစွာ ပါဝင်ကြသည်။ အခြားမြန်မာဟာသဇာတ်ကား တစ်ကားဖြစ်သည့် **"လာထားအာဘွား"** ဇာတ်ကားမှာမူ မြို့လယ်ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဇရာဝတီရုံများတွင် ပြသမည်ဖြစ်ကာ ဒါရိုက်တာမောင်မျိုးမင်း၏ ဂျူးလီးယက်တရေးနီး ဒီဗွီဒီဇာတ်ကားမှာ တော်ဝင်စင်တာ၊ နဝဒေးနှင့် မဟာမြိုင်ရုံတို့တွင် ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် နာမည်ကြီးသရုပ်ဆောင် JASON STATHAM ပါဝင်သည့် THE MECHANIC ဇာတ်ကြမ်းကားနှင့် နေပြည်တော်ရုံတွင် နာမည်ကြီး ဟောလိဝုဒ်အကယ်ဒမီမင်းသား နီကိုလပ်ကေ့ဂျ်ပါဝင်သည့် DIVE ANGRY ဇာတ်ကားများပြသမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် ပြသမည့် The Mechanic **ရုပ်ရှင်ကား။**

The Mechanic ရွှေဆောင်ရုံတွင် ပြသ

ရုပ်ရှင်

The Mechanic အမည်ရှိ အမေရိကန်အက်ရှင်ကားကို ဒါရိုက်တာ ဆိုင်မွန်ဝက်စ်က ၁၉၇၂ ခုနှစ်တွင် ချာလီဘရွန်ဆန် သရုပ်ဆောင်ခဲ့သည့် The Mechanic ဇာတ်ကားကို ပြန်လည်အသက်သွင်း ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ယင်းဇာတ်ကားတွင် Arthur Bishop အဖြစ် မင်းသား Jason Statham က သရုပ်ဆောင်ပြီး Authur Bishop သည် ကြေးစားလူသတ်သမားဖြစ်သည်။ အထူးသဖြင့် ၎င်း၏ လူသတ်မှုကျွမ်းကျင်ပုံမှာ အသတ်ခံရသူသည် မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးရပုံမျိုး၊ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သွားပုံမျိုး သို့မဟုတ် ဒေသခံလူမိုက်များ၏ လက်ချက်ဖြင့် သေရပုံမျိုးစသဖြင့် ကျွမ်းကျင်ပိရိလှသည့် လူသတ်မှု အက်ရှင်စွန့်စားခန်းများကို ကြည့်ရှုကြရမည်။ ယင်းဇာတ်ကားကို ဇန်နဝါရီ ၂၈ ရက်က အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင် ရုံတင်ပြသခဲ့ပြီး ဖြစ်သည်။ အဆိုပါဇာတ်ကားကို ရန်ကုန်မြို့ရှိရွှေဆောင် ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည်ဖြစ်သည်။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် [ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန] က မိုးလေဝသခန့်မှန်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

မိုးလေဝသခန့်မှန်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော မိုးလေဝသခန့်မှန်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်)ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာနယ်ဇင်းအလွှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်[ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန]က ဟောပြောဆွေးနွေးမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်က မြန်မာနိုင်ငံ ရာသီဥတု (မုန်တိုင်း၊ မုန်တိုင်းဒီရေ၊ မုတ်သုံ၊ အယ်နီညို၊ လာနီညာ)နှင့် ကမ္ဘာ/မြန်မာ ရာသီဥတုပြောင်းလဲခြင်းများ အကြောင်းကို ယနေ့မှစ၍ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်သတ္တ နှစ်ပတ်ခွဲကြာ ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စာနယ်ဇင်း မီဒီယာများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပန်းအလှုပင်များ ပျိုးထောင်

အိမ်မဲ ဧပြီ ၂၇

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင် ပန်းခြံအတွင်း ပန်းအလှုပင်များ ပျိုးထောင်ပြီး အမြဲမပြတ် ရွှေ့ပြောင်းစိုက်ပျိုးလျက်ရှိရာ ဧပြီ ၇ ရက်က ရာသီအလိုက် ပန်းအလှုပင်များ ပျိုးထောင်စိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြပ်မတ်ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

▲ **ကျောဖုံးမှ**

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၄ ရက်တွင် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းဘေးရှိ ထုံးကြီးသစ်ဆိပ်ကို ကြည့်ရှုစစ်ဆေးပြီး ကလေးဝ-ကလေးကားလမ်း မှတစ်ဆင့် မထုကြိုးဝိုင်းအတွင်း ဆင်ဖြင့် သစ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ကလေးဝမြို့နယ် ဧက ၁၄၀ ကျွန်း စိုက်ခင်းသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရှင်းလင်းတင်ပြ ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မေ ၂၅ ရက်တွင် ကလေးမြို့ ကျီကုန်း အမှတ်(၁၁) သစ်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်နေမှုများကို လည်းကောင်း၊ စုံလာမြိုင်သစ်ဆိပ်၊ နန်းကျစ်လှော်သစ်ဆိပ်၊ မော်လိုက်အနောက် သစ်ထုတ်ရေး တမူးသစ်ထုတ်ရေးနယ် သစ်ဆိပ်နှင့် တမူး(က)ဟဲဘင်းသစ်ဆိပ်တို့ကိုလည်းကောင်း၊ ကလေးမြို့ အမှတ်(၁၂၃) သစ်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၆ ရက်တွင် မုံရွာသစ်ထုတ်ရေးဒေသ မဟာမြိုင်သစ်ထုတ်ရေးနယ် မောက္ကတော်သစ်ဆိပ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေလမ်းနှင့်ကုန်းလမ်းများ ပေါက်ရောက်နိုင်သည့် မြို့နယ်များတွင် ကုန်စည်ဒိုင်များဖွင့်လှစ်ရေး ပံ့ပိုးကူညီသွားမည်

နေပြည်တော် မေ ၂၇

ကုန်စည်ဒိုင်များအနေနှင့် သတင်း အချက်အလက် မှန်ကန်စေရေး၊ လိုက်နာ ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်း များရှိစေရေး၊ ရေလမ်းနှင့် ကုန်းလမ်းများ ပေါက်ရောက်နိုင်သည့် မြို့နယ်များတွင် ကုန်စည်ဒိုင်များဖွင့်လှစ်နိုင်ရေးကို ပံ့ပိုး ကူညီသွားမည်ဖြစ်ကြောင်း၊ ပို့ကုန်အမယ် သစ်များရှာဖွေ၍ Value added လုပ်ရန်၊ ပို့ကုန်တိုးမြှင့်ထုတ်လုပ်ရန် ဝိုင်းဝန်း ကြိုးစားဆောင်ရွက်သွားကြရန် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မေ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်တော်မူရပ် ၆၄/၂၇ လမ်းထောင့် ရှိ Oriental House ရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသ ကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ညီနောင် အသင်းများမှ တာဝန်ရှိသူများ၊ မန္တလေး မြို့ ကုန်သည်ပွဲစားစက်ပိုင်များ မဟာ ကထိန်တော်အသင်းမှ တာဝန်ရှိသူများ၊ ကုန်စည်ဒိုင်မှတာဝန်ရှိသူများ၊ ကုန်သည် များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် မှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် က အသင်းလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုကို လည်းကောင်း၊ မန္တလေး ပွဲစားကုန်သည် စက်ပိုင်များ ကထိန်တော် အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက လုပ်ငန်း များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တက်ရောက်လာကြသော ပုဂ္ဂိုလ်များက မိမိတို့လုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြား ကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိကျစွာလိုက်နာ ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တံတားဦးမြို့နယ် ဆည်ရွာကျေးရွာရှိ သဇင်နွယ် သရက် စိုက်ပျိုးရေးခြံ၌ သရက်စိုက်တောင်သူ များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တံတားဦးမြို့နယ် ဆည်ရွာကျေးရွာရှိ သဇင်နွယ် သရက်စိုက်ပျိုး ရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ Research & Analysis Wing(R & W) မှ Secretary Shri S. K. Tripathi ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Research & Analysis Wing (R & W) မှ Secretary Shri S. K. Tripathi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ပုဂံ-ညောင်ဦးမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယ သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်သို့ သွားရောက် ဂါရဝပြုကြသည်။ ထိုမှတစ်ဆင့် ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညိုကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ရွှေဘိုတွင် မိုးရွာသွန်း၍ တောင်သူများ ထယ်ရေး၊ ထွန်ရေးပြင်

ရွှေဘို မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် မေပြီနောက်ဆုံးပတ်၌ မိုးရွာသွန်းရာ အပူချိန်သိသိသာသာကျဆင်းသွားပြီး မီးဘေးအန္တရာယ်စိုးရိမ်ပူပန်မှုမှာလည်း လျော့နည်းကျဆင်းသွားသဖြင့် မြို့ပေါ်နှင့် နယ်လူထုမှာ ပျော်ရွှင်မဆုံးရှိကြသည်။ ယခုရွာသွန်းသောမိုးမှာ မိုးရေချိန် ၂ ဒသမ ၁၃ လက်မရှိသဖြင့် သီးနှံစိုက် တောင်သူများအတွက် အားထားစရာဖြစ်ရသည်။ အထူးသဖြင့် ရွှေဘိုအရှေ့လက် မိုးကောင်းတောဒေသများဖြစ်ကြသည့် ပဂိုးကုန်း၊ မင်းကျောင်း၊ မြောင်းကြီး၊ ဆင်းကွတ်၊ မဘေး၊ ကြိုးကြာ၊ တကန်သာ၊ တအုံ၊ အုံးပေါက်အစရှိသည့် ကျေးရွာများမှာ မိုးရေ ကိုသာ အဓိကအားထားပြီး စိုက်ပျိုးကြသည်ဖြစ်ရာ ယခုရွာသွန်းသောမိုးရေသည် တောင်သူများအတွက် အားထားရပြီး ထယ်ရေး၊ ထွန်ရေးများ ဝင်နိုင်ကြပြီဖြစ် သည်။

ရွှေဘိုအရှေ့လက်သည် နိုင်ငံတော်နှင့်မြို့နယ်အတွက် ပဲမျိုးစုံ၊ နှမ်း၊ ချက်ကြံ အဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်သည့်အားလျော်စွာ ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ကွင်းဆင်းပြီး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၅၇၂)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၃၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာ့ရှုခင်း
၇း၄၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	ဒို့တာဝန်အရေး (၃)ပါး
၈း၁၃	၁၃။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၄။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၅။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅	၃။	နိုင်ငံတော်သီချင်း
၄း၁၀	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၇။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၈။	မွေးမြူသုတ
၄း၅၀	၉။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၁၀။	ရန်သူမီး
၅း၁၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၀)**
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၆။	ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၁၇)
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၁၆)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	အနုပညာရှင်၏တစ်နေ့တာ
	၂၄။	ကုန်သွယ်သုတ
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၈)**
	၂၇။	ဂီတရင်ခုန်သံ
	၂၈။	သင့်အတွက်မနက်ဖြန်
	၂၉။	အပိတ်နှုတ်ဆက်စကား
	၃၀။	ပြီးပါပြီ။

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြစ်သားဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုဇာတ်တိုက် လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ကွက်မှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၇

ချင်းပြည်နယ် မြေစာရင်းဦးစီးဌာန ပြည်နယ်မြေစာရင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်ဦးသည် မေ ၂၀ ရက် နံနက်ပိုင်းတွင် ဟားခါး မြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံ စိုက်ကွက်မှန်ကန်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော မြို့သစ်ကျေးရွာ အုပ်စု သီးမြစ်ကွင်းများအတွင်း သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဟားခါးမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးလင်းလတ်နှင့် လက်ထောက် ဦးစီးမှူး၊ မြေတိုင်းစာရေးများက ကွင်း အမှတ်-၅/၂ (သီးမြစ်မြောက်-က)၊ ကွင်း အမှတ်-၅/၃(သီးမြစ်မြောက်-ခ)၊ ကွင်း အမှတ်-၅/၄(သီးမြစ်တောင်-က)နှင့် ကွင်းအမှတ်-၅/၅ (သီးမြစ်တောင်-ခ) တို့တွင် ဆောင်ရွက်နေသော မြေကြီး၊ မြေပုံ မှန်ကန်ရေးကိစ္စများနှင့် ကွင်းဆင်း ဆောင်ရွက်စဉ် ကြုံတွေ့ရသည့်အခြေ အနေများ တင်ပြမှုတို့အပေါ် ပြည်နယ် မြေစာရင်းဦးစီးဌာနမှူးက လိုအပ်သည် များ ရှင်းလင်းမှာကြားသည်။

ချင်းပြည်နယ် ဖလမ်းခရိုင် ဟားခါး မြို့နယ်၏ မြေကြီး၊မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ကွက်များ မှန်ကန်ရေးကို လုပ်ငန်းစီမံချက်ရေးဆွဲပြီး မေ ၁၈ ရက် မှစတင်၍ ဝန်ထမ်းအင်အား ၁၈ ဦးဖြင့် ဆောင်ရွက်လျက်ရှိရာ မေလကုန် အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရ သည်။

(သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အလယ်ကျွန်းကျေးရွာနေ မောင်ကျော်လှဝမ်း အသက်(၁၈)နှစ်သည် တံခွန်တိုင်ကျေးရွာရှိ ဦးပိ၏ ရှောက်ခြံ၌ နေ့စားအလုပ် လုပ်ကိုင်နေစဉ် မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီ ခန့်တွင် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်း တစ်လုံးနင်းမိပြီး ဘယ်ဘက်ခြေဖနောင့်၊ ပေါင်နှင့်မျက်နှာတို့၌ ဒဏ်ရာများ ရရှိခဲ့သဖြင့် တာဝန်ရှိသူများက ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါး ကုသပေးကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

❍ **အယ်လ်ဂျေးပင်များမှ**

အယ်လ်ဂျေးပင်များ ရှင်သန်ပေါက်ရောက်မှု အားကောင်းသော နွေဦးပေါက် ရာသီတွင် domoic acid ပမာဏမြင့်တက်လေ့ရှိပြီး ယင်းအက်စစ်ဓာတ်ကြောင့် ချိုယိုတောက်ဆင် အဆိပ်ဓာတ် ဖြစ်ပေါ်ရကြောင်း လေ့လာချက်တွင် ဖော်ပြ သည်။

ပင်လယ်ဖျံ အကောင် ၄၀ နှင့် လင်းပိုင်ငါး ၁၇ ကောင်တို့ domoic acid အဆိပ်သင့်သည့် လက္ခဏာဖြင့် သေဆုံးသည်ဟု အမေရိကန်နိုင်ငံ ပင်လယ် သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာလေ့လာရေးဌာနက ပြောကြားခဲ့သည်။

အင်တာနက်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးသိန်းလွင်- ဒေါ်အေးအေးမိသားစုက ဦးသိန်းလွင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရ ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်း စဉ်။

(ကြေးမုံ)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီဘောလုံးကွင်း အတွင်းပိုင်းတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည် နေပြည်တော်၌ နိုင်ငံတကာအဆင့်မီဘောလုံးကွင်း တည်ဆောက်မှု ၆၉ ရာခိုင်နှုန်းပြီးစီး

သ တ င် း န င့် ဓာ တ် ပုံ - တ င် မေ ာ င် ခ င်

လာမည့် ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲများကျင်းပနိုင်ရန် အတွက် နေပြည်တော်၌ Football Stadium (၁)နှင့် (၂) စီမံကိန်းများကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တည်ဆောက်မှု ၆၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

(၁)စီမံကိန်းကို နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ခရေလမ်း၏ အနောက်ဘက်ခြမ်း အားကစားဝန်ကြီးဌာန ဘောလုံးကွင်း အမှတ်(၁)အားကစားကွင်းနှင့် အမှတ်(၂)အားကစားကွင်းတို့ အနီး၌ ဆောင်ရွက်လျက်ရှိသည်။ မြေနေရာ အကျယ်အဝန်းမှာ ဧက ၆၀အတွင်း ဘောလုံးကွင်းအဆောက်အအုံ ဧရိယာ ၂၅၁၆၀၈ စတုရန်းပေ၊ ဘောလုံးကွင်း ဧရိယာ ၇၆၈၂၆ စတုရန်းပေ၊ ပြေးလမ်း အနံ ၃၂ ပေ၊ ပြေးလမ်းများ အလျား ၁၄၀၇ ဒသမ ၅၅ ပေ၊ ဘောလုံးကွင်းနှင့် ပြေးလမ်းအကျယ် ၂၂၂၁၄၆ စတုရန်းပေနှင့် အဆောက်အအုံအမြင့် ပေ ၈၀ ရှိသည်။

နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ဘောလုံးကွင်းကြီးကို မက်စ်မြန်မာ ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ကာ နိုင်ငံတကာ စံချိန်စံညွှန်းမီအောင် လူအင်အား၊ စက်ယန္တရားကြီးများဖြင့် နေ့ရောညပါ အကောင်အထည်ဖော် ဆောက်လုပ်လျက်ရှိရာ ယခုအခါ အဆောက်အအုံကြီးမှာ ၆၉ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်ဟု စီမံကိန်းတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

အဆင့်မြင့် ဘောလုံးကွင်း မြေညီထပ်တွင် ပွဲကြည့်စင်၊ ရုံးခန်းများ၊ ဆေးကုခန်း၊ ဝတ်စုံလဲခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ စားသောက်ဆိုင်ခန်းများ၊ အားကစားလေ့ကျင့်ခန်း စသည်ဖြင့် အခန်းပေါင်း ၇၅ ခန်းပါဝင်သည်။

ပထမထပ်တွင် တီဗွီခန်း၊ အားကစားသမားများ နားနေခန်း၊ ရေချိုးခန်း စသည်ဖြင့် အခန်းပေါင်း ၄၄ ခန်း ပါဝင်ပြီး ဒုတိယထပ်တွင် စီစီတီဗွီခန်း၊ ထိန်းချုပ်ခန်း၊ VIP ခန်းများ၊ အလင်းရောင်နှင့် အသံထိန်းချုပ်ခန်း၊ ရေချိုးခန်းစသည်ဖြင့် အခန်းပေါင်း ၁၆ ခန်း ပါဝင်သည်။အထပ်သုံးထပ်တွင် စုစုပေါင်းအခန်း ၁၃၅ ခန်း ထည့်သွင်းတည်ဆောက်ထားသည်။ပွဲကြည့်ပရိသတ် ၃၀၀၀၀ ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။အလားတူ နေပြည်တော် Football Stadium (၂) စီမံကိန်းကို နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံအနီးတွင် တည်ဆောက်လျက်ရှိပြီး အဆင့်မြင့် ဘောလုံးကွင်းကြီးများကို ပုံစံတူ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆင့်မြင့်ဘောလုံးကွင်းကြီးများ ပြီးစီးပါက အားကစားပရိသတ်များ ကြည့်ရှုရန်နေရာအခက်အခဲမရှိ အဆင့်မြင့်စွာ အားပေးကြည့်ရှုနိုင်မည်ဖြစ်ပြီး ကားရပ်နားရန်နေရာများ လုံလောက်စွာ ထည့်သွင်း တည်ဆောက်ထား၍ ယာဉ်များလည်း စိတ်ချစွာ ထားရှိနိုင်မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပ အားကစားပွဲများ လက်ခံကျင်းပနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီးများကို ဆောက်လုပ်လျက်ရှိရာ "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်" ဆောင်ပုဒ်နှင့်အညီ မြန်မာ့အားကစားအဆင့်အတန်း သည်လည်း ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာပြေးခုန်ပစ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၇

၂၀၁၁ ခုနှစ် ဧပြီ ၂၂ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ထိုင်းတံခွန်စိုက် ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သော မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် ဦးသာအောင် ခေါင်းဆောင်သည့် အောင်ပွဲရမြန်မာပြေးခုန်ပစ်အဖွဲ့သည် ယမန်နေ့ ည ၈ နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ကီလို ၂၀ လမ်းလျှောက်ပြိုင်ပွဲမှ ကေခိုင်မျိုးထွန်းက ဆွတ်ခူးရယူပေးခဲ့ပြီး ကြေးတံဆိပ်သုံးခုကိုမူ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲမှ ယဉ်ယဉ်ခိုင်၊ အမျိုးသားမီတာ ၈၀၀ ပြိုင်ပွဲမှ သက်ဇော်ဝင်းနှင့် အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲမှ အေးအေးသန်းတို့က ဆွတ်ခူးရယူပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသာအောင် (အမှုဆောင်၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်)၊ နည်းပြများအဖြစ် ဦးကျော်ကျော်ဝင်းနှင့် ရဲအုပ်စမ်းစမ်းစိမ့်၊ အားကစားသမားများအဖြစ် အမျိုးသား သက်ဇော်ဝင်း၊ မောင်ချက်၊ ချစ်စမ်းမောင်၊ ထွန်းထွန်းလင်း၊ ကျော်ညီညီထွေး၊ အမျိုးသမီး-ယဉ်ယဉ်ခိုင်၊ ကေခိုင်လွင်၊ အေးအေးသန်းနှင့် ကေခိုင်မျိုးထွန်းတို့ ပါဝင်ကြသည်။ (ကြေးမုံ)

ထိုင်းတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရ မြန်မာပြေးခုန်ပစ် အားကစားသမားများအား အုပ်ချုပ်သူ ဦးသာအောင် (အမှုဆောင်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်)၊ နည်းပြများဖြစ်သည့် ဦးကျော်ကျော်ဝင်း၊ ရဲအုပ်စမ်းစမ်းစိမ့် တို့နှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

မန်ယူအသင်း ဂျာမန်မြေတွင် နှစ်ဂိုးပြတ်နိုင်ပွဲရ ဗိုလ်လုပွဲကျင်းပမည့် ဝင်ဘလေကွင်းသို့ ခြေတစ်ဖက်ချပြီ

မြူးနစ် ဧပြီ ၂၇

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့၏ ပထမနေ့ပွဲစဉ်အဖြစ် ဂျာမန်မြေ အရီနာကွင်းတွင် ရှော်ကေးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧည့်သည်မန်ယူက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရသွားသည်။

အကောင်းဆုံးကာကွယ်

ယခုပွဲတွင် မန်ယူအနေဖြင့် အဝေးကွင်းသွားရောက်ကစားရသော်လည်း အိမ်ရှင်ရှော်ကေးအပေါ် ခြေစွမ်းအသာဖြင့် ကစားနိုင်ပြီး ဂိုးသွင်းခွင့် အမြောက်အမြားရရှိခဲ့သည်။ ပထမပိုင်းပွဲအစတွင် အိမ်ရှင်အသင်း၏ ကစားပုံမှာ အသက်ဝင်ခဲ့သော်လည်း ၁၀ မိနစ်နောက်ပိုင်းတွင် မန်ယူကသာ ဘက်စုံ၊ ထောင့်စုံက ထိုးဖောက် တိုက်စစ်ဆင်ပြီး ဖိအားပေးလာနိုင်ခဲ့သည်။ ပထမပိုင်းတွင် ဟာနန်ဒက်ဇ်နှင့် ပက်ဂျီဆန်တို့၏ အပိုင်ကန်ချက်များကို ရှော်ကေးဂိုးသမား နျူယာ ကာကွယ်နိုင်သကဲ့သို့ ဂစ်၏ အပိုင်ခေါင်းတိုက်ဘောကိုလည်း အကောင်းဆုံး ကာကွယ်သွားနိုင်ခဲ့သည်။ ထို့ကြောင့် ဂိုးကံခေနေသည့် မန်ယူသည် ရှော်ကေးဘက်ကို တရစပ်တိုက်စစ်ဆင်ခဲ့သော်လည်း ပထမပိုင်း ၄၅ မိနစ်ကို ဂိုးမရှိ သရေဖြင့်သာ အဆုံးသတ်စေခဲ့ရသည်။

ဒုတိယပိုင်း ပြန်အစတွင်လည်း ရာအူးလ်နှင့် အိုလီဗီယာတို့ ဦးဆောင်သည့် ရှော်ကေးတိုက်စစ်မှာ ဗီဒစ် ဦးဆောင်သည့် မန်ယူခံစစ်ကြောင်းကို မကျော်ဖြတ်နိုင်ခဲ့ပေ။ ဝိန်းရွန်နေး၊ ဟာနန်ဒက်ဇ်၊ ဂစ်နှင့် ဗလင်စီယာတို့ တိုက်စစ်အတွဲကသာ ရှော်ကေးနောက်တန်းကို ကောင်းကောင်း အလုပ်ရှုပ်စေခဲ့သည်။

ရှော်ကေးနောက်တန်းသည် မန်ယူတိုက်စစ်ကြောင်းကို ဟန့်တားဖျက်ထုတ်ရာတွင် ပွဲချိန်ကြာလာသည်နှင့်အမျှ အမှားများလာခဲ့သည်။ ထို့ကြောင့် ဒုတိယပိုင်း ပွဲကစားချိန် ၆၇ မိနစ်တွင် ဝိန်းရွန်နေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂစ်က ရှော်ကေးဂိုးသမား နျူယာ၏ ပေါင်ကြားမှ လှလှပပ ကန်သွင်းပြီး မန်ယူအတွက် အဖွင့်ဂိုး ရယူသွားသည်။ ဆက်တိုက်ဆိုသလိုပင် ပထမဂိုးရပြီး ၂ မိနစ်အကြာ (၆၉ မိနစ်)တွင် ဟာနန်ဒက်ဇ်၏ ဖန်တီးပေးမှုကို တိုက်စစ်မှူး ဝိန်းရွန်နေးက မန်ယူအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို သွင်းယူနိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် အိမ်ရှင်ရှော်ကေးအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းသော်လည်း အရာမထင်ခဲ့ပေ။ မန်ယူအသင်း၏ ဘောလုံးပိုင်ဆိုင်မှုမှာ ၆၇ ရာခိုင်နှုန်းရှိခဲ့သည်။

မန်ယူအတွက် ဂိုးသွင်းရန် ဖန်တီးပေးသူ ဟာနန်ဒက်ဇ်(ဝဲ)နှင့် ဒုတိယဂိုးသွင်းယူပေးခဲ့သူ ဝိန်းရွန်နေး။

မန်ယူအသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ဗန်ဒါဆား၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ ဖေဘီယို၊ ပက်ဂျီဆန်၊ မိုက်ကယ်ကာရစ်၊ ဂစ်၊ ဗလင်စီယာ၊ ဝိန်းရွန်နေးနှင့် ဟာနန်ဒက်ဇ်တို့ ပါဝင်ခဲ့ပြီး ပေါလ်စခိုး၊ အန်ဒါဆင်နှင့် နာနီတို့မှာ လူစားဝင်ရောက်ကစားသွားသည်။ ယခုပွဲသို့ ပရိသတ် ၅၄၁၄၂ ဦး လာရောက်ကြည့်ရှုခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲ အနိုင်ရလိုက်ခြင်းကြောင့် ဗိုလ်လုပွဲကျင်းပမည့် ဝင်ဘလေကွင်းသို့ ခြေတစ်ဖက်ချနိုင်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။ မန်ယူနှင့် ရှော်ကေးတို့၏ ဒုတိယအကျော့ပွဲစဉ်ကို မေ ၅ ရက် (ကြာသပတေးနေ့) နံနက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အင်တာနက်။

ဖာဘရီဂက်စ်ကို ရောင်းချရန် အာဆင်နယ်အသင်း ပေါင် ၃၅ သန်း သတ်မှတ်လိုက်ပြီ

လန်ဒန် ဧပြီ ၂၇

ယခုနှစ် (၂၀၁၀-၂၀၁၁) ဘောလုံးရာသီတွင်လည်း အာဆင်နယ်အသင်းသည် မည်သည့်ဆုဖလားမှ မရရှိဘဲ ၎င်းတို့၏အသင်းခေါင်းဆောင် ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်ကို လာမည့် နွေရာသီ ဈေးကွက်ဖွင့်ချိန်တွင် ပေါင် ၃၅ သန်းဖြင့် ရောင်းချတော့မည်ဟု ထုတ်ဖော်ပြောကြားလာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဟန်သစ်

အာဆင်နယ်အသင်းသည် ဖာဘရီဂက်စ် အပြင် အာရှာဗင်၊ ကလစ်ချီ၊ အယ်လ်မူနီယာ၊ အီဘိုယေး၊ ဒီနယ်ဆင်၊ ဘန်တာနာ စသည့် ကစားသမားများကိုလည်း ရောင်းထုတ်ရန် မူလကပင် စီစဉ်ထားပြီး ဖြစ်သည်။ အကယ်၍ ဖာဘရီဂက်စ်အနေဖြင့် အာဆင်နယ်အသင်းမှ ထွက်ခွာမည်ဆိုပါက ဇာတိမြေဖြစ်သည့် စပိန်သို့ ပြန်၍ ဘာစီလိုနာအသင်းတွင် ကစားဖွယ်ရှိနေသည်။ ***အင်တာနက်။***

ဈေးကွက်ဖွင့်ချိန်တွင် ပေါင် ၃၅ သန်းဖြင့် ရောင်းချတော့မည့် အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ယူနိုက်တက်အမရာဘဏ်လီမိတက် (မူဆယ်ဘဏ်ခွဲ) အား ၂၇-၄-၂၀၁၁ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ဦးမင်းဟန် (မန်နေဂျင်းဒါရိုက်တာ)

Golden Hawks International Limited.

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သရွတ်မြိုက်ကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၃ ရက်က အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ အလှူငွေများကို တာဝန်ရှိသူတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူလေးများက ပဒေသာကပွဲဖြင့် ဖျော်ဖြေကြစဉ်။ (ကြေးမုံ)

သံတမန်တစ်ဦး၏ မှတ်တမ်း

ရန်ကုန် ဧပြီ ၂၇

စာရေးဆရာ ထွန်းဦးတင် (ဗိုလ်မှူးချုပ်တင်ထွန်း-ငြိမ်း)၏ "သံတမန်တစ်ဦး၏မှတ်တမ်း" စာအုပ်သည် ထွန်းဖောင်ဒေးရှင်း အတ္ထုပ္ပတ္တိစာပေဆုရ စာအုပ်ဖြစ်သည်။ **(ယာပုံ)**

သံတမန်တစ်ဦး၏ မှတ်တမ်းစာအုပ်တွင် သံတမန်ဘဝနိဒါန်း၊ သံတမန်တို့အမြင်နှင့် လက်တွေ့ဘဝ၊ သံတမန်နှင့် သံတမန်နည်းဗျူဟာ၊ နှုတ်ဆက်ချိန် စသည်ဖြင့် အခန်း(၂၃)ခန်း ခွဲခြားရေးသားထားရာ တပ်မတော်သို့ စတင်ဝင်ရောက်သည့်အချိန်မှစ၍ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်အထိ စာရေးသူ၏ဘဝဖြတ်သန်းမှုနှင့် ပတ်ဝန်းကျင်ပုံရိပ်များကို အားပါးတရ ဖတ်ရှုကြရမည် ဖြစ်သည်။

အခန်း(၂) တပ်မတော်သားဘဝတွင် "ကျွန်တော်ချစ်သော တပ်မတော်နှင့် ကျွန်တော်လေးစားသော အထက်အရာရှိကြီးများအား တပ်မတော်ဝတ်စုံဖြင့် အလေးပြုနိုင်ခြင်းသည် ယနေ့နံနက် နောက်ဆုံး အခွင့်အလမ်းသာ ဖြစ်ကြောင်း သဘောပေါက်လာသည့်အခါ ရင်တွင်း၌ ဆို့နစ်စွာခံစားရသည်"ဟု ရေးသားထားရာ စာဖတ်သူများလည်း လွမ်းမောစွာ ခံစားရမည်ဖြစ်သည်။

ပြင်ဆင်ချိန်အခန်းတွင်လည်း သံတမန်ဆက်ဆံရေးနှင့် ပတ်သက်၍ ထိတွေ့ဆက်ဆံပြောဆိုရာတွင် လိုက်နာသင့်သောအချက်များ ပါဝင်ပေရာ စာဖတ်သူများအတွက် ဗဟုသုတတိုးပွားစေမည် ဖြစ်ပေသည်။

သံတမန်ခန့်အပ်လွှာ ပေးအပ်ပွဲအခန်းကို ဖတ်ရှုရလျှင် မိမိတို့နိုင်ငံကြီး ကမ္ဘာ့အလယ်တွင် ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် ရပ်တည်နိုင်မှုကို ပြည်ထောင်စုသားတိုင်း ဂုဏ်ယူမိကြပါလိမ့်မည်။

သို့ဖြစ်ပါ၍ ဤစာအုပ်သည် သံခင်းတမန်ခင်း နယ်ပယ်၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ကျင်လည်နေကြသူများ၊ စာပေဝါသနာပါသူများသာမက မျိုးဆက်သစ်လူငယ်တိုင်း ဖတ်ရှုလေ့လာထိုက်သော စာကောင်းပေမွန် စာအုပ်တစ်အုပ်ဖြစ်ပြီး မြဝတီစာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

သံလွင်မြစ်ကူးတံတားကြီးပေါ်တွင် ဆိုင်ကယ်တိမ်းမှောက် စီးနင်းလိုက်ပါလာသူနှစ်ဦး မြစ်ထဲပြုတ်ကျသေဆုံး

မော်လမြိုင် ဧပြီ ၂၇

မော်လမြိုင်-မုတ္တမ သံလွင်မြစ်ကူးတံတားကြီးပေါ်တွင် ဆိုင်ကယ် အမြန်မောင်းနှင်ရာမှ အရှိန်မထိန်းနိုင်ဘဲ တံတားကွန်ကရစ်လက်ရန်းနှင့် တိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်ကာ ဆိုင်ကယ်ပေါ်ပါသူနှစ်ဦး သံလွင်မြစ်ထဲ ပြုတ်ကျသေဆုံးခဲ့သည်။

ဖြစ်ပွားပုံမှာ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့) မွန်းလွဲ ၁ နာရီခန့်တွင် စောပြည့်အောင်(၁၈နှစ်)မောင်းနှင်ပြီး မအိသဇင် (၁၉နှစ်) နောက်မှ လိုက်ပါလာသည့်ဆိုင်ကယ်သည် မုတ္တမမှ ရေကစားပြီးအပြန် သံလွင်တံတားကြီးပေါ် မောင်းနှင်ဖြတ်သန်းလာစဉ် RP တိုင်(၂၀)နှင့် RPတိုင်(၂၁)ကြား အရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောတံတားကွန်ကရစ်လက်ရန်းနှင့် တိုက်မိပြီး ဆိုင်ကယ်ပေါ်ပါသူနှစ်ဦးစလုံး လွင့်စဉ်ကာ သံလွင်မြစ်ထဲ ပြုတ်ကျသေဆုံးခဲ့ကြသည်။

အဆိုပါ ယာဉ်မတော်တဆဖြစ်ရပ်အတွက် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ရဲစခန်းက (ပ)၈၄/၂၀၁၁၊ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၃၉၃)

မင်္ဂလာတောင်ညွန့် ဟော်ကီကွင်းရှေ့၌ ပိုက်ဆံအိတ်လုယူထွက်ပြေးသူ ဖမ်းမိ

ရန်ကုန် ဧပြီ ၂၇

ဧပြီ ၁၄ ရက် ညနေ ၃ နာရီခန့်တွင် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ဒုရဲအုပ်ဝင်းတင့်နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် သပြေကုန်းရပ်ကွက် ဟော်ကီကွင်းရှေ့ရှိ ရွှေပိတောက် ရေကစားမဏ္ဍပ်အနီးအရောက် အမျိုးသားတစ်ဦး၏ ခါးကြား၌ထိုးထားသည့် ပိုက်ဆံအိတ်အား လူတစ်ဦးက လုယူထွက်ပြေးသွားကြောင်း သိရ၍ လိုက်လံဖမ်းဆီးရမိခဲ့သည်။

ဖမ်းမိသူမှာ တိုက်ကြီးမြို့နယ် မီးသွေးကုန်းရွာနေ အောင်ပိုင်(၂၄)နှစ်ဖြစ်ပြီး ၎င်းထံမှ ငွေကျပ် ၁၂၅၀၀ ပါ အသားရောင် ခေါက်ပိုက်ဆံအိတ်တစ်လုံး၊ လိုင်စင်ပုံ သုံးပုံနှင့် လိပ်စာကတ်သုံးခုတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့အထူး မှုခင်းနှိမ်နင်းရေးဌာနစုမှူး ရဲအုပ်မျိုးအောင်မြင့်ဦးစီးသည့်အဖွဲ့က အသေးစိတ်စုံစမ်းခဲ့ရာ သင်္ကြန်မဏ္ဍပ်များအတွင်း အခြားခိုးမှုများ မရှိကြောင်း သိရသည်။

ပိုက်ဆံအိတ် လုယူထွက်ပြေးသူ အောင်ပိုင်အား မင်္ဂလာတောင်ညွန့် ရဲစခန်းက (ပ)၁၆၇/၁၁ ပြစ်မှုပုဒ်မ ၃၇၉(နိုက်)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၃၁)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ကော့သောင်းမြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့နှင့် ငသိုင်းချောင်းမြို့တို့တွင် ၃၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နောင်ချိုမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မြိတ်မြို့တွင် သုည ဒသမ ၉၅ လက်မ၊ ကျောက်ဖြူမြို့တွင် သုည ဒသမ ၈၃ လက်မ၊ သရက်မြို့တွင် သုည ဒသမ ၇၉ လက်မနှင့် ပြင်ဦးလွင်မြို့တွင် သုည ဒသမ ၆၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်သူ့ထံမှ ပေးစာများ

ရပ်ကွက်အတွင်းမှ ကားဘော်ဒီရုံ ပြောင်းရွှေ့ပေးစေလို

စာတည်းရှင့်

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၅၆)ရပ်ကွက် ဇာနည်(၁)လမ်းရှိ ကားဘော်ဒီရုံမှ နေ့စဉ်ကားဘော်ဒီထုရိုက်သံများ၊ ဆေးမှုတ်သည့်အနံ့များကြောင့် ကလေး၊ လူကြီးများ ကျန်းမာရေးထိခိုက်စေပြီး လျှပ်စစ်မီးဖြင့် ကျောက်စက်တိုက်ခြင်း၊ ဝရိန်ဆော်ခြင်းကြောင့် လျှပ်စစ်မီးများ မကြာခဏပြတ်တောက်ရပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူများ**

ရပ်ကွက်အတွင်း ဆားချက်လုပ်ငန်း ပြောင်းရွှေ့စေလို

စာတည်းရှင့်

မကွေးတိုင်းဒေသကြီး မကွေးမြို့ ရန်မျိုးလုံရပ်ကွက် ရန်ကင်းဈေး အနောက်တောင်ထောင့် (၆)လမ်းရှိ ဆားချက်ဖိုသည် ရပ်ကွက်အတွင်း ဆားချက်လုပ်ငန်းများ နေ့ညမပြတ် လုပ်ကိုင်နေပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူများ**

အသံချဲ့စက်သံ ဆူညံမှု ကြပ်မတ်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ကျုံးကြီးလမ်းနှင့် ၂၃ လမ်းထောင့်ရှိ အီလက်ထရွန်နစ်ပစ္စည်းအရောင်းဆိုင်တို့တွင် ဆောင်းဘောက်များကို အသံချဲ့စက်ကြီးများနှင့်တွဲကာ ကျယ်လောင်စွာဖွင့်နေသောကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်စေရုံသာမက သက်ကြီးရွယ်အိုများအား အကြားအာရုံနှင့် နှလုံးထိခိုက်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဆူညံသံများကင်းရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဆူညံသံမခံနိုင်သူများ**

ကြိုးတံတား ပြုပြင်ပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့ကို ဆက်သွယ်ထားသောကြိုးတံတားသည် ယခုအခါ ကြမ်းခင်းများ ကြိုးပဲ့ခြင်း၊ သံဆန်ခါများ ပြတ်တောက်ခြင်း၊ လက်ရန်းများ ပြုတ်ထွက်နေခြင်း၊ သံဖရိန်များ ကွဲနေခြင်းတို့ကြောင့် ခရီးသွားများ အန္တရာယ်ရှိပါသဖြင့် ပြင်ဆင်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားတစ်ဦး**

ရေဆိုးနှင့် အမှိုက်သရိုက် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ရန်ကုန်မြို့၊ ဒလမြို့နယ်၊အောင်မင်္ဂလာရပ်ကွက်၊ လမ်းသွယ်(၄)လမ်းတွင် နေထိုင်သူအချို့တို့သည် နေ့စဉ်သုံး ရေဆိုးရေပုပ်များ၊ အမှိုက်သရိုက်များ စည်းကမ်းမဲ့ စွန့်ပစ်လျက်ရှိရာ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောသယံဇာတထိန်းသိမ်းရေးနှင့် စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး လှည့်လည်စစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းမှ ရွာယာကြီး-ကလေးဝကားလမ်းဘေးရှိ ထုံးကြီး သစ်ဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဧပြီ ၂၃ ရက်တွင် နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၃၁၇)ရှိ ခတက်ကုန်း သစ်တောပျိုးဥယျာဉ်စခန်းသို့ ဝင်ရောက်စစ်ဆေးရာ ရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက အမြန်လမ်းမကြီး ဝဲ/ယာတွင် သစ်ပင်စိုက်ပျိုးမှုနှင့် မိုးရာသီတွင် စိုက်ပျိုးရန် ပြင်ဆင်ထားမှု အခြေအနေ၊ တိုင်းဒေသကြီးအတွင်း စိုက်ခင်းဧက ၄၁၅၀ တည်ထောင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသယံဇာတ ကာကွယ်စောင့်ရှောက်ရေး၊ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်မှုများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရေး၊ ဌာနစိုက်ခင်းတည်ထောင်ရာတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန်၊ စိုက်ပျိုးသလောက် ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရေး မှာကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်တာနက်သတင်း

အဆိပ်သင့်ကာ သေဆုံးခဲ့ရသော ပင်လယ်ဖျံကြီး တစ်ကောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျေးပင်များက ထုတ်လုပ်သောအဆိပ်ကြောင့် လင်းပိုင်ငါးများနှင့် ပင်လယ်ဖျံများ သေဆုံးခဲ့ရ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၇

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ၌ လွန်ခဲ့သည့် ရက်သတ္တပတ်များက လင်းပိုင်ငါးများနှင့် ပင်လယ်ဖျံကြီးများ အစုအပြုံလိုက် သေဆုံးခဲ့ရခြင်းသည် အယ်လ်ဂျေးပင်များက ထုတ်လုပ်သော နျူယိုတောက်ဆင် (neurotoxin) အဆိပ်ဓာတ်ကြောင့်ဖြစ်ရကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်လက လင်းပိုင်ငါးများနှင့် ပင်လယ်ဖျံကြီးများ ထူးဆန်းစွာ သေဆုံးရမှုကို လော့စ်အိန်ဂျလိစ်စီရင်စုရှိ ရီဒွန်ဒို ပင်လယ်ကမ်းခြေနှင့် ဗင်တူရာပင်လယ်ကမ်းခြေတို့၌ တွေ့ရှိခဲ့ရသည်။

နေရာဒေသနှစ်ခု၌ ရေသတ္တဝါများ သေဆုံးခဲ့ရခြင်းသည် အာရုံကြောတစ်သျှူးများကို ထိခိုက်စေသော အဆိပ်ဓာတ်တစ်မျိုးကြောင့် ဖြစ်ရကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

ယင်းအဆိပ်ဓာတ်သည် အဏ္ဏဝါနို့တိုက်သတ္တဝါအချို့ကို သေဆုံးစေနိုင်သည်ဟု ယူဆရသည်။

ကာလီဖိုးနီးယား ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

ဘာသာပြန် - သတင်းလုလင်